# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင်
# လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ရေး မူဝါဒ



myanmar TOURISM FEDERATION

MINISTRY OF HOTELS & TOURISM

Hanns Seidel Foundation



မင်းဖြူမှန်မှန်ပြော
၅၅၅၅၅











# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေး မူဝါဒ

## မာတိကာ


အခန်း (၁) ပြည်ထောင်စုဝန်ကြီး၏အမှာ . . . . . . . . . . . . . . . . . . . . . . . ၅
အခန်း (၂) နောက်ခံအကြောင်းအရာ. . . . . . . . . . . . . . . . . . . . . . . . ၆
အခန်း (၃) တည်ဆဲမူဝါဒများနှင့်ဆက်နွယ်မှုများ. . . . . . . . . . . . . . . . . . . . ၈
အခန်း (၄) မြန်မာ့ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ၏ပါဝင်ဆောင်ရွက်မှု အနက်အဓိပ္ပါယ် . . ၁၀
အခန်း (၅) ရည်ရွယ်ချက်နှင့်ရည်မှန်းချက်များ. . . . . . . . . . . . . . . . . . . . . . ၁၃
အခန်း (၆) ရည်မှန်းချက်များနှင့်ဆက်နွယ်နေသည့်အဓိကကျသောအခြေခံသဘောတရားများ . . . . . ၁၄
အခန်း (၇) အဓိကရည်မှန်းချက်များနှင့်ဆောင်ရွက်ရန်အချက်များ. . . . . . . . . . . . . . . ၁၇
အခန်း (၈) ပါဝင်လုပ်ကိုင်သူများ၏ပတ်သက်မှု . . . . . . . . . . . . . . . . . . . . . ၂၂
အခန်း (၉) ဒေသခံလူမှုအဖွဲ့အစည်းများ၏ ခရီးသွားလုပ်ငန်းဆောင်ရွက်ချက်များအတွက် စံချိန်စံညွှန်းနှင့် လိုအပ်ချက်များ . . . . . . . . . . . . . . . . . . . . . . . . . ၂၅
အခန်း (၁၀) စောင့်ကြည့်ခြင်း၊ အစီရင်ခံခြင်းနှင့် စိစစ်ပြင်ဆင်ခြင်း . . . . . . . . . . . . . . . ၂၆


## နောက်ဆက်တွဲ


(၁) ကိုးကားအထောက်အထားများ . . . . . . . . . . . . . . . . . . . . . . . . ၂၇
(၂) မြန်မာနိုင်ငံ၏ နံနက်စာဝန်ဆောင်မှုပါဝင်သော တည်းခိုမှုအဆင့်သတ်မှတ်ချက်များ (အရေးပါသောစံများနှင့် လိုအပ်ချက်များ). . . . . . . . . . . . . . . . . . . . . . ၂၈
(၃) ဝန်ဆောင်မှုနှင့်ရေရှည်တည်တံ့ရေးအတွက် CIT စံချိန်စံညွှန်းများ . . . . . . . . . . . . . ၃၁
(၄) မြန်မာနိုင်ငံ CIT အတွက် အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများ . . . . . . . . . . . . . . . ၄၃


TOURISM FEDERATION

MINISTRY OF HOTELS & TOURISM

Hanns Seidel Foundation





ဦးဌေးအောင်
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေး
လုပ်ငန်းဝန်ကြီးဌာန

MINISTRY OF HOTELS & TOURISM

# အခန်း(၁)

# ပြည်ထောင်စုဝန်ကြီး၏အမှာ

ခရီးသွားလုပ်ငန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် နိုင်ငံခြားဝင်ငွေကိုရှာဖွေပေးရုံသာမက ပြည်တွင်းစီးပွားရေးလုပ်ငန်းအမျိုးမျိုးကို ထောက်ပံ့ပေးသည့်အပြင် ဒေသခံလူမှုအဖွဲ့အစည်းများအတွက် အပိုဝင်ငွေရစေသည့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကိုလည်း ဖန်တီးပေးနိုင်သည်ဟု နိုင်ငံတကာမှ လက်ခံယုံကြည်ထားပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြောင်းလဲမှုဖြစ်စဉ်များက နိုင်ငံအား အာရှတွင် အံ့ဖွယ်ပေါ်ထွက်လာသော ခရီးစဉ်များ အနက် တစ်ခုဖြစ်စေပါသည်။ ဒေသတွင်းရှိရှေးဟောင်းအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များ၏ ထူးခြားဆန်းပြားမှုကို ရှာဖွေရန် ဒေသခံများနှင့်တွေ့ဆုံပြီး ဝန်ဆောင်မှုရရှိလိုသူ ဧည့်သည်များအတွက် အလွန်စိတ်ဝင်စားဖွယ်နိုင်ငံတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သိသာထင်ရှားသော တိုးတက်ဖြစ်ထွန်းမှုများကြောင့် ဒေသခံလူမှုအဖွဲ့အစည်းများသည် ဧည့်သည်များထံ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ရောင်းချခြင်း၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုများ အပြန်အလှန်ဝေမျှပေးခြင်းအားဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေများကို ရရှိစေပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ပါးစေရေး အထောက်အကူပြုသည့် ကမ္ဘာတစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် လူမှုအဖွဲ့အစည်းပါဝင်ပတ်သက်သော ခရီးသွားလုပ်ငန်းသည် အလွန်ထင်ရှားလာပါသည်။ ထို့ကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် လူမှုအဖွဲ့အစည်းများ အဓိပ္ပာယ်ရှိစွာဖြင့် ပါဝင်ဆောင်ရွက်ရင်း အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ကြီးဌာနအနေနှင့် လူမှုအဖွဲ့အစည်းများ ခရီးသွားလုပ်ငန်းစီမံကိန်းနှင့် စီမံခန့်ခွဲခြင်းဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာပါက ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေပြီး အကျိုးစီးပွားသာမက ရေရှည်ဖွံ့ဖြိုး တိုးတက်သော ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုအမြင်များကို ရရှိစေမည်ဖြစ်ကြောင်း ယုံကြည်ထားပါသည်။

ဤမူဝါဒသည် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ၊ လူမှုအဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများတွင် ခရီးသွားလုပ်ငန်း စီမံချက်ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့အတွက် ရှင်းလင်းသောလမ်းညွှန်မှုများဖြင့် နောင်လာမည့် လူမှုအဖွဲ့အစည်းအခြေပြု ခရီးသွားလုပ်ငန်းစီမံချက် လမ်းပြမြေပုံဖြစ်လာပါမည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သော လူမှုအဖွဲ့အစည်းများ၏ အကျိုးစီးပွား တိုးတက်ခိုင်မာစေရန် လုပ်ငန်းအကောင်အထည်ဖော်ရာမှ ထွက်ပေါ်လာသည့်ရလဒ်များအား သုံးသပ်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ဤမူဝါဒပါ အချက်များကို လိုက်လျောညီထွေ ပြုလုပ်နိုင်သည့် ရှင်သန်နေသော မှတ်တမ်းတစ်ခု ဖြစ်ပါသည်။

ဦးဌေးအောင်
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Htay Aung



# အခန်း(၂) နောက်ခံအကြောင်းအရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် လက်ရှိအချိန်၌ အရှေ့တောင်အာရှတွင် လျင်မြန်စွာဖွံ့ဖြိုးလာနေသည့် ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွန်းလျက်ရှိပါသည်။ မြန်မာ့ခရီးသွားလုပ်ငန်း၏ သမိုင်းတစ်လျှောက် ပထမဦးဆုံးအနေနှင့် ၂၀၁၂ ခုနှစ်တွင် နိုင်ငံတကာဧည့်သည်တစ်သန်းကျော်ရရှိခဲ့ပါသည်။ ၂၀၁၁ခုနှစ် တွင်လာရောက်ခဲ့သည့် နိုင်ငံတကာ ဧည့်သည် အရေအတွက်ထက် ၃၀%ကျော်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းမှ ရရှိသော စုစုပေါင်းဝင်ငွေမှာလည်း ၂၀၁၁ ခုနှစ်တွင် ဒေါ်လာ ၃၁၉သန်း ရရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ၅၃၄သန်း ရရှိခဲ့ပါသည်။

ဘဏ္ဍာငွေကြေးတောင့်တင်းခိုင်မာစေရန် စီးပွားရေးလုပ်ငန်းများ၌သာ သမရိုးကျအခြေအနေမှ လွန်ခဲ့သည့်ဆယ်စုနှစ် အတွင်း သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှု၊ အသိအမှတ်ပြုမှုများနှင့် ပတ်သက်၍ ပိုမိုအလေးထား လုပ်ဆောင်ခဲ့ကြောင်းတွေ့ရပါသည်။ နောက်ဆက်တွဲ အကျိုးကျေးဇူးများအနေဖြင့် ဒေသခံလူမှုအဖွဲ့ အစည်းများ၏ သာယာချမ်းမြေ့ အဆင်ပြေမှု၊ ဆက်လက်ရှင်သန်နေသော ယဉ်ကျေးမှုဓလေ့ထုံးစံများအား ထိန်းသိမ်းစောင့်ရှောက် ဖျော်ဖြေတင်ဆက်နိုင်ပါသည်။

ဤကဲ့သို့ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းတိုး မြင့်လာခြင်းသည် ဒေသခံလူမှုအဖွဲ့အစည်းများ (အထူးသဖြင့် ကျေးလက်နေ ဆင်းရဲသားများနှင့် ဝေးလံခေါင်ပါးနေအပစ်ပယ်ခံရသူများ)အား အလုပ်အကိုင်ရရှိစေခြင်း၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအား ရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိစေခြင်း စသည့်အခွင့်အလမ်းများကို ရရှိစေနိုင်ပါသည်။ အနာဂတ်တွင်လည်း ဒေသခံလူ့အဖွဲ့အစည်းများအနေဖြင့် တည်ရှိပြီးသားအစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ လုပ်ငန်းစီမံချက်များ သာမက ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လှုပ်ရှားမှုများ၊ စီးပွားရေးလုပ်ငန်းများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။

သို့သော်လည်း အခြားနိုင်ငံများတွင် တွေ့ခဲ့ရသည့် အတွေ့အကြုံများအရ ရေရှည်တည်တံ့၍ တာဝန်သိသော ခရီးသွားလုပ်ငန်းတွင် ဒေသခံလူမှုအဖွဲ့အစည်းများ အားလုံးစုစည်းပါဝင်မှုရှိစေရန် စိန်ခေါ်မှုများရှိနေပါသည်။ (နောက်ဆက်တွဲ - ၄ တွင်ကြည့်ပါ)။ ဤမူဝါဒသည် စိန်ခေါ်မှုများကို ရင်ဆိုင်ရန် အဖြေရှာပေးမည်ဖြစ်ပြီး အလားအလာကောင်းသည့် စီးပွားရေးနှင့် လူမှုရေးအခြေအနေဖြစ်ပေါ်စေပါမည်။ လူ့အဖွဲ့အစည်းပါဝင်သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့် (အလုပ်အကိုင်သစ်များ ပေါ်ထွန်းစေခြင်းအပါအဝင်) ဒေသခံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တို့သည် စိန်ခေါ်မှုများကိုကျော်လွှားရန် အဓိကအချက်ဖြစ်ပါသည်။ ဒေသအဆင့်မှနိုင်ငံတော် အဆင့်ထိ ပြီးပြည့်စုံသော ခရီးသွားလုပ်ငန်းမြင့်တင် ခြင်းမဟာဗျူဟာတွင် လူမှုအဖွဲ့အစည်းအားလုံးပါဝင်မှု ရှိစေခြင်းသည် အဓိကဖြစ်ပါသည်။

သိသာထင်ရှားသောအခက်အခဲမှာ ခရီးသွားလုပ်ငန်းစီမံချက်များတွင် ပါဝင်နေသည့် လူမှုအဖွဲ့အစည်းများနှင့် ပတ်သက်၍စီမံကိန်းချမှတ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းနှင့် အကြံအစည်များညှိနှိုင်းရယူခြင်းများ လုံလောက်စွာ မရှိသေးခြင်း ပင်ဖြစ်ပါသည်။ ဤအခက်အခဲကြောင့် လူမှုအဖွဲ့အစည်းများအားလုံးအပေါ်




သတိပြုမိမှုနှင့် ခရီးသွားလုပ်ငန်းကို တာဝန်ယူပေးမှု လျော့နည်းစေခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် စည်းမျဉ်းပြဋ္ဌာန်းမှုများ မတူညီမှုကြောင့် စိန်ခေါ်မှုများဖြစ်ပေါ်စေပါသည်။

ထို့ကြောင့်ဤမူဝါဒပါ အချက်အလက်များသည် ခရီးသွားလုပ်ငန်းတွင် ဒေသခံလူမှုအဖွဲ့အစည်းများ ပါဝင်နိုင်၍ အခွင့်အလမ်းများရရှိစေမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံတွင် ၎င်းတို့ဆောင်ရွက်သည့် ခရီးသွားလုပ်ငန်းအစီအစဉ်များ၊ စီးပွားလုပ်ငန်းများဖွံ့ဖြိုးလာစေရေးကို အားပေးထောက်ကူစေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု တိုးတက်စေရေးအတွက် အခြေခံကျသော အချက်များအား လမ်းညွှန်ရည်မှန်းချက်များချမှတ်နိုင်ရေး ဆွေးနွေးတင်ပြထားပါသည်။ ရည်မှန်းချက်များနှင့်လိုက်လျောညီထွေဖြစ်စေမည့် အရေးယူဆောင်ရွက်ရန် အချက်များကိုလည်း တင်ပြထားပါသည်။ ဆောင်ရွက်ရန်အချက်အလိုက် ပါဝင်ကူညီဖော်ဆောင်သွားရမည့် အဖွဲ့အစည်း များ၏ စာရင်းကိုလည်းဖော်ပြထားပါသည်။ ချမှတ်ထားသော ရည်မှန်းချက်များ အရေးယူဆောင်ရွက်ရမည့်အချက်များနှင့် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်မှု ဖွံ့ဖြိုးစေရေး မဟာဗျူဟာတို့ ကိုက်ညီစေရန် CIT အကြံပေးကော်မတီမှ လေ့လာဆန်းစစ်ချက်များ ပုံမှန်ပြုလုပ်ပြီး စီမံချက်အသစ်များပြင်ဆင်ခြင်းနှင့် ဆောင်ရွက်ဆဲအစီအစဉ်များအား ပြန်လည်သုံးသပ်ရပါမည်။ အကြံပေးကော်မတီတွင် ဟိုတယ်နှင့်ခရီးသွားလာရေး

လုပ်ငန်းဝန်ကြီးဌာနမှ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်နှင့်အတူ ပူးပေါင်း၍ ဥက္ကဋ္ဌ အဖြစ်တာဝန်ယူပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်ဖြစ်ပါသည်။ ကော်မတီဝင်များအနေဖြင့် တစ်နှစ်လျှင်အနည်းဆုံး နှစ်ကြိမ် (ဒေသခံအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် နှင့် /သို့မဟုတ် ပြည်ထောင်စုအဆင့်) တွေ့ဆုံရန်နှင့် ပြည်ထောင်စုအဆင့် ညီလာခံကို တစ်နှစ်တစ်ကြိမ် ကျင်းပရန်ဖြစ်ပါသည်။

# အခန်း(၃) တည်ဆဲမူဝါဒများနှင့်ဆက်နွယ်မှုများ

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသခံလူမှုအဖွဲ့အစည်းများ ပိုမိုပါဝင်လာစေခြင်းမူဝါဒသည် ဝန်ကြီးဌာန၏ တည်ဆဲမူဝါဒနှင့်ကိုက်ညီကြောင်းကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့က သိရှိနားလည်ထားပါသည်။ အထူးသဖြင့်မြန်မာနိုင်ငံ တာဝန်သိသောခရီးသွားလုပ်ငန်းမူဝါဒ (၂၀၁၂)၏ ရည်ရွယ်ချက်(၁)နှင့် (၂)တွင် ဒေသခံ လူမှုအဖွဲ့အစည်းများပါဝင်ခြင်း ဆိုသည့်အချက်ကို ဖော်ပြထားပါသည်။

ရည်ရွယ်ချက်(၁) - ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ဦးစားပေးကဏ္ဍ တစ်ခုဖြစ်ပါသည်။ ပြည်တွင်းခရီးသွားလုပ်ငန်း နှင့်ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းတို့ကို နိုင်ငံစီးပွားရေးမူဝါဒတွင်ပါဝင်စေခြင်း၊ ခရီးသွားလုပ်ငန်းနှင့် အခြားစီးပွားရေး ကဏ္ဍများ အကြားဆက်နွယ်မှုများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အကျိုးအမြတ်အများ ဆုံးဖြစ်ထွန်းစေရန်၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ၊ ဒေသခံလူ့အဖွဲ့အစည်းနှင့် လူမှုရေး အဖွဲ့များအတွင်းပူးပေါင်းဆောင်ရွက်မှု အားကောင်းလာ စေရန်။

ရည်ရွယ်ချက်(၂) - ဒေသရှိလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကျယ်ပြန့်လာစေရန်၊ လူမှုအဖွဲ့အစည်းအတွင်း အကျိုးအမြတ် များကိုဖြန့်ဝေပေးရန်၊ ဒေသခံစီးပွားရေး လုပ်ငန်းရှင်များကို အားပေးရန်၊ လူမှုရေးအသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်ဖြင့် အမျိုးသမီးနှင့် လူငယ်များ၏ ဘဝလုံခြုံမှုရှိစေရန်နှင့် ဆင်းရဲမွဲတေမှုလျော့ပါးစေရန်။

ရည်ရွယ်ချက်(၃)(၇)(၈)နှင့်(၉)တို့မှာ ခရီးသွားလုပ်ငန်းတွင်ပါဝင်သော လူမှုအဖွဲ့အစည်းများ၏ ယဉ်ကျေးမှုအမွေအနှစ်၊ စီးပွားရေးကွန်ယက်ရင်းနှီးလုပ်ကိုင်မှု၊ စွမ်းဆောင်ရည်တည်ထောင်မှုနှင့် လူမှုရေးဆိုင်ရာ အကာအကွယ်များအား ဆောင်ရွက်ရန်ရည်ရွယ်ပါသည်။

ရည်ရွယ်ချက်(၃) - စစ်မှန်၍ကွဲပြားခြားနားသော ရိုးရာဓလေ့အမျိုးသားရေး လက္ခဏာများကိုထိန်းသိမ်းပါ၊ ရှင်သန်နေသော ယဉ်ကျေးမှုအမွေအနှစ်များ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးပါ။

ရည်ရွယ်ချက်(၇) - ခရီးသွားလုပ်ငန်းအား စီမံခန့်ခွဲရန် အဖွဲ့အစည်းများကို အားဖြည့်ရန်၊ ဒေသအဆင့်မှနိုင်ငံတော် အထိခရီးသွားလုပ်ငန်းဆိုင်ရာ ထိရောက်သော စီမံခန့်ခွဲမှုနှင့်နားလည်မှုများ တိုးတက်စေရန်၊ ခရီးစဉ်ဒေသများရှိလုပ်ငန်းလုပ် ကိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ရည်ရွယ်ချက်(၈) - လုပ်သားထုအား ကောင်းစွာလေ့ကျင့်ရန်နှင့် ချီးမြှင့်ရန်၊ အတတ်ပညာပိုင်းဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ လေ့ကျင့်သင်ကြားရေးနှင့် ပညာရေးတို့အတွက် ပြည့်စုံလုံလောက်ပြီး သင့်လျော်သည့်စွမ်းဆောင်ရည် စနစ်ထူထောင်ရန်။

ရည်ရွယ်ချက်(၉) - လူ့ကျင့်ဝတ်သိက္ခာနှင့်သွေဖီသည့်အလေ့အထများလျော့နည်း စေရန်၊ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အန္တရာယ်များ လျော့နည်းစေရန်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုတွင် လူ့ကျင့်ဝတ် စံချိန်စံညွှန်းများကို လိုက်နာကျင့်သုံးမှုရှိစေရန်။

“ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အရေးကြီးဆုံးသောကဏ္ဍများအနက် တစ်ခုဖြစ်ပြီး၊ စနစ်တကျစီမံခန့်ခွဲလျှင် ကြီးမားသောစွမ်းဆောင်ရည်နှင့်အတူ ထူးကဲသော စီးပွားရေးအခွင့်အလမ်းများရရှိစေရန် လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးမှုကို ဟန်ချက်ညီညီ ပေးစွမ်းနိုင်ကြောင်း၊ အစိုးရမှဒေသခံလူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဓလေ့၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ကို မျှတပြည့်စုံစေသည့်




ခရီးသွားလုပ်ငန်းမဟာဗျူဟာတစ်ရပ်ကို သေချာစွာ ပေါ်ထွန်းစေမည်ဖြစ်ကြောင်း" ကို စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်(စာမူကြမ်း - နိုဝင်ဘာ ၂၀၁၂) တွင်ဖေါ်ပြထားပါသည်။

အမျိုးသားအဆင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးမဟာဗျူဟာနှင့် ဆောင်ရွက်မည့်စီမံချက်(၂၀၁၁) တွင်လည်း ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်း၏ ပါဝင်ဆောင်ရွက်ချက်များပါဝင်ပါသည်။ အရေးယူဆောင်ရွက်မည့်စီမံချက်ပါ ရည်မှန်းချက်(၂)တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်သော သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို ဦးတည်၍ "ဒေသခံလူမှုအဖွဲ့အစည်းများအား သေချာသော အကျိုးအမြတ်ဖြစ်ထွန်းစေမည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းမူဝါဒများကို ချမှတ်ရန်" ဟူ၍ပါရှိပါသည်။




ဖေါ်ပြပါ မူဝါဒရည်မှန်းချက်များ ပြည့်စုံအောင်မြင်စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်တို့သည် "မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေး" တိုးတက်စေရန်အသေးစိတ် မူဝါဒများကို ချမှတ်ရန်ဆုံးဖြတ်ခဲ့ပါသည်။







"မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေး" ဆိုင်ရာ မူဝါဒများကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်နေ့မှ ဖေဖေါ်ဝါရီလ (၁၅)ရက်နေ့အထိ ရေးဆွဲခဲ့ပါသည်။ ဤသို့ရေးဆွဲရာတွင် အလုပ်ရုံဆွေးနွေးပွဲ (၈) ခု ကျင်းပခဲ့ပြီး ရန်ကုန်၊ ပုဂံ၊ အင်းလေးကန်၊ ကျိုင်းတုံနှင့် လွိုင်ကော်ဒေသတို့မှ အစိုးရကဏ္ဍ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ဒေသခံလူမှုအဖွဲ့အစည်းများအား ကိုယ်စားပြုသည့် လုပ်ငန်းရှင် (၂၅၀)ဦး နီးပါးတက်ရောက်ခဲ့ပါသည်။ ဖေဖေါ်ဝါရီလ (၁၅)ရက်နေ့တွင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့ကို ကိုယ်စားပြုသူ (၅၀)ဦးကျော်တက်ရောက်သည့် ညီလာခံ၌မူဝါဒ မူကြမ်းကို တင်ပြဆွေးနွေးနိုင်ခဲ့ပါသည်။

ထို့ပြင်ညီလာခံသို့မတက်ရောက်နိုင်သူ လုပ်ငန်းရှင်များထံသို့လည်း မူဝါဒမူကြမ်းကို ပေးပို့၍ အကြံပြုချက်များပြန်လည်ပေးပို့ရန် မေတ္တာရပ်ခံခဲ့ပါသည်။ ၂၀၁၃ခုနှစ် မတ်လ(၂၀)ရက်နေ့တွင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်အပါအဝင် တာဝန်ရှိဝန်ထမ်း (၂၀) ဦးကျော်တို့ ပါဝင်တက်ရောက်၍ မူဝါဒမူကြမ်း အပေါ် ထပ်မံဆွေးနွေးကြပြီးနောက် အတည်ပြုခဲ့ပါသည်။"

# အခန်း(၄) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူထုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ရေး အနက်အဓိပ္ပါယ်

ဒေသခံပြည်သူများနှင့် ၎င်းတို့၏ လူနေမှု ဓလေ့ထုံးစံများ အပေါ် ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်ဝင်စားမှုများမှာ ကျယ်ပြန့်တိုးပွားလာပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများတွင်လွန်ခဲ့သော ဆယ်နှစ်ခန့်က လူထုအဖွဲ့အစည်းအခြေခံခရီးသွားလုပ်ငန်း(CBT)၏ အဓိက ဆွဲဆောင်သော ဧည့်သည်များမှာ အနောက် နိုင်ငံများမှ ခရီးသွားများဖြစ်သော်လည်း ယခုအချိန်တွင် အဆိုပါ (CBT)၏အဓိက ဧည့်သည်များမှာ မြို့ပြများမှ ပြည်တွင်းခရီးသွားဧည့်သည်များဖြစ်နေခြင်း ပင်ဖြစ်ပါသည်။လူထုအဖွဲ့အစည်းပါဝင်ပတ်သက်သော ခရီးသွားလုပ်ငန်းကို ခံစားလိုသော ဧည့်သည်များတိုး တက်လာခြင်းကြောင့် ရေရှည်ထိန်းသိမ်းစောင့်ရှောက် မှုလုပ်ငန်းမှာ အလွန်အရေး ကြီးလာပါသည်။

ဒေသခံများ၏ စီးပွားရေးအခွင့်အလမ်းရရှိရုံသာမက လူမှုရေးယဉ်ကျေးမှုသဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် ဒေသသဘာဝအလှနှင့်ထူးခြား သောခရီးစဉ်များ အဖြစ်ရေရှည်တည်တံ့စေရန် လူထုအဖွဲ့အစည်းများမှ စိတ်ဝင်တစားပါဝင် ဆောင်ရွက်ရပါမည်။

"ကွဲပြားခြားနားသော နေရာဒေသများရှိ ယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ထူးခြားချက်များကို ဘာသာပြန်ပေးရုံထက် အလုံးစုံစိတ်ဝင်စားမှုရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံလူထုအဖွဲ့အစည်းများ၏ အကျိုးရလဒ် များကိုမြှင့်တင်ရပါသည်"
အထူးသဖြင့် ဝေးလံခေါင်သီသောဒေသများတွင် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးရန်နှင့် အဆင်ပြေပြေသွားရောက်နိုင်ရေးစီစဉ်မှု များမှာလည်း တန်းတူအရေးကြီးပါသည်။

လူထုအဖွဲ့အစည်းများခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန်နှင့် အထောက်အကူပြုစေရန် နည်းလမ်းအမျိုးမျိုး ရှိပါသည်။ နိုင်ငံတကာ ဆွေးနွေးချက်များအရ လူထုအဖွဲ့အစည်းများသည် ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်ရရှိရန်နှင့် ၎င်းတို့၏ လူနေမှုဘဝထုံးတမ်းများတန်ဖိုးမြင့်မားစေရန် ၎င်းတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းသည် အဓိကအချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဒေသခံလူထုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှုကို အလုပ်ရုံဆွေးနွေးပွဲ အားလုံးတွင် ဆွေးနွေးခဲ့ပါသည်။ ပါဝင်ဆွေးနွေးသူအများစု၏ ဖော်ပြချက်အရ ဒေသခံလူထုအဖွဲ့အစည်းများအနေနှင့် ပါဝင်ဆောင်ရွက်နိုင်မှုအမြင့်ဆုံးအခြေအနေမှာ ဆုံးဖြတ်ချက်ချသည့် နည်းလမ်းအတွေ့အကြုံ နည်းသေးသောကြောင့် ကာလတိုနှင့်ကာလလတ်တို့တွင် မဖြစ်နိုင်သေးပါ။ ထို့ကြောင့်ပါဝင်ဆွေးနွေးသူအများစုက ထောက်ခံသည်မှာ ယခုအချိန်တွင် အလယ်အလတ်အဆင့် ပါဝင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ဆိုလိုသည်မှာ လူထုအဖွဲ့အစည်းများသည် အသက်မွေးဝမ်းကျောင်း အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည့် ခရီးသွား လုပ်ငန်းစီမံကိန်းရေး ဆွဲခြင်းနှင့် စီမံခန့်ခွဲမှုအပေါ် အဆုံးအဖြတ်ပြုသည့် လုပ်ငန်းစဉ်များတွင် အများဆုံး





ပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။ သို့သော် နောက်ဆုံး ဆုံးဖြတ်ချက်ကိုမူ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ တို့ကသာဆုံးဖြတ်ပေးရမည်ဖြစ်သည်။

ရေရှည်တွင်တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဖြင့် ၄င်းတို့အသက်မွေးဝမ်းကြောင်းမှုကို သက်ရောက်မှုရှိသော ခရီးသွားလုပ်ငန်းစီမံကိန်း ရေးဆွဲခြင်း အပေါ် အပြည့်အဝ စီမံအုပ်ချုပ်ခွင့်၊ လုပ်ပိုင်ခွင့်ရရှိစေရမည်ဟူသည့် အရေးပါဆုံးသော အာမခံချက်တစ်ရပ်ရှိပါသည်။ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာန၌ ဆွေးနွေးချက်များအရ အနာဂတ်တွင်လူမှုအဖွဲ့အစည်း ပါဝင်ပတ်သက်သောခရီးသွားလုပ်ငန်းဟု အသုံးပြုရန်နှင့် လူမှုအဖွဲ့အစည်းအခြေပြုခရီးသွားလုပ်ငန်းဟုမခေါ်ရန် ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် CIT ၏ အယူအဆ သဘောထားအမြင်ကိုအောက်ပါအတိုင်းဖော်ပြပါသည်-

(က) CIT ဆိုသည်မှာ ဒေသခံလူမှုအဖွဲ့အစည်းများ၏ ချမ်းသာကြွယ်ဝမှုကို ဖန်တီးပေးရန်နှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးစုအားလုံး အကျုံးဝင်ပါသည်။ ထို့ကြောင့် ဒေသခံတို့၏ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု များနှင့်အလုံးစုံ သက်ဆိုင်ပါသည်။

(ခ) CIT သည် ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကျေးရွာ(သို့) တိုင်းရင်းသားလူမျိုးစုများဟုသာ မသတ်မှတ်ဘဲ ဆောင်ရွက်လျက်ရှိသည့် ခရီးသွားလုပ်ငန်းအစီအစဉ် များဝန်ဆောင်မှုအားလုံးပါဝင်ပါသည်။ လျင်မြန်စွာ ကြီးထွားနေသည့် ၄င်းလုပ်ငန်းတွင် တည်းခိုနေထိုင်ရေး၊ ခရီးစဉ်များနှင့် ဆွဲဆောင်မှုရှိသည့် ထုတ်ကုန်များစသည့် ဈေးကွက်များပါရှိပါသည်။

ဒေသလူမျိုးစုတို့၏ အကြောင်းအရာများ၊ ဒေသခံရေမြေတော တောင်နှင့် သားငှက်တိရစ္ဆာန် ထူးခြားသော သဘာဝဥယျာဉ်၊ ငှက်များကို စောင့်ကြည့်ခြင်း၊ အပန်းဖြေငါးမျှားခြင်း စသည်တို့က ဧည့်သည်စိတ်ဝင်စားမှုများ ရရှိစေပါသည်။ ဤကဲ့သို့သော ဆွဲဆောင်မှုများကြောင့် ဧည့်သည်များဝင်ရောက် လည်ပတ်ခြင်းများက အစားအစာနှင့်အဖျော်ယမကာများ၊ ဧည့်လမ်းညွှန်များ၊ တည်းခိုရန်နေရာများ နှင့်အထောက်အကူပြု ဝန်ဆောင်မှု များစသည့် လိုအပ်ချက်များကို ဖြစ်ပေါ်စေပါသည်။

ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများတွင် အစားအစာ ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ လက်မှုအနုပညာ၊ ရိုးရာယဉ်ကျေးမှု ဖျော်ဖြေတင်ဆက်မှုများ၊ (အက၊သီချင်း၊ ဇာတ်ကြောင်းပြောပြခြင်း) နှင့် ရိုးရာဓလေ့ သရုပ်ပြမှုများ (ယက္ကန်းယက်ခြင်း၊ စိုက်ပျိုးပုံအလေ့အထ၊ ဂီတ၊ လက်မှုပညာ၊ အချက်အပြုတ်စသည်) အခန်းကဏ္ဍများစွာပါရှိပါသည်။

(ဂ) လူမှုအဖွဲ့အစည်းဝင်များအား ၄င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းအငယ်စား၊ အလတ်စားများကို စတင်ရန်(သို့) ရင်းနှီး မြှုပ်နှံရန်(သို့) ပုဂ္ဂလိကနှင့် အစိုးရ အကျိုးတူဖက်စပ်လုပ်ကိုင်ရန်အားပေး လုပ်ကိုင်စေသင့်ပါသည်။

အဓိကရည်ရွယ်ချက်မှာ လူမှုအဖွဲ့အစည်းဝင်များသည် အနာဂတ်တွင် ၄င်းတို့၏ဒေသ ခရီးသွားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးတွင် ထိထိရောက်ရောက် ထိန်းကြောင်းလုပ်ကိုင်သွားနိုင် ကြရန်ဖြစ်ပါသည်။ သို့မှသာ အကျိုးအမြတ် အများစုမှာဒေသခံစီးပွားရေးတွင် ကျန်ရစ်မည်ဖြစ်သည်။

ထို့ကြောင့်ဒေသခံများအနေနှင့် ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးတွင် အခြားလုပ်ငန်းရှင်များ နှင့်အတူ ပူးပေါင်းလုပ်ကိုင်၍ အလုပ်အကိုင်အခွင့် အလမ်းများပိုမိုရရှိရေး ၊ ကျွမ်းကျင်မှု တိုးတက်ရေး၊ ဒေသခံ သက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးတို့အပေါ် ပြောရေးဆိုခွင့်ရှိရန် လိုအပ်ပါသည်။ အချို့လုပ်ငန်းများမှာ ပူးပေါင်းပါဝင်၍ စီမံကိန်းချ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းငယ်များဖွံ့ဖြိုးတိုးတက် ရေးကိုမူ ဒေသခံပုဂ္ဂိုလ်တစ်ဦးချင်းစီက





သော်လည်းကောင်း၊ မိသားစုအလိုက်သော် လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမက်လုံးများကို အတိုးနှုန်းသက်သာသော ချေးငွေများ (ဘဏ်များနှင့် အလှူရှင်ထံမှ) ရရှိရေးဆောင်ရွက်ရာတွင် လုပ်ငန်းငယ်များ၊ လူမှုအဖွဲ့အစည်းများ၏ လိုအပ်ချက်အသေးစိတ် နှင့် ထည့်သွင်းစဉ်းစားစေရပါမည်။

ရေရှည်ရည်မှန်းချက်မှာ လူမှုအဖွဲ့အစည်းဝင်များသည် ဘဏ်များမှ တရားဝင် ချေးငွေများရယူနိုင်ကြရန် ဖြစ်ပါသည်။ မြန်မာအစိုးရအနေနှင့် လူမှုအဖွဲ့အစည်း များအတွက် အခြေအနေကောင်းများ ဈေးကွက် ဖွင့်ပေးခြင်း၊ ပုဂ္ဂလိက ကဏ္ဍ တွင်လည်းပိုမိုလုံခြုံစိတ်ချရသော ရင်းနှီးမြှုပ်နှံမှု မက်လုံးများပေးခြင်း စိတ်ပါဝင်စားမှုရရှိစေပါမည်။

ဒေသခံလူမှုအဖွဲ့အစည်းဝင်ဖြစ်သော်လည်း ခရီးသွားလုပ်ငန်းတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်း မရှိသူများကိုလည်း လူမှုအဖွဲ့အစည်းရန်ပုံငွေမှ အကျိုးအမြတ်အချို့ရရှိစေရန် ထောက်ခံပါသည်။ (လူမှုအဖွဲ့အစည်း ရန်ပုံငွေသို့ ငွေအချို့ထည့်ဝင်ရန် ဧည့်သည်များအား မေတ္တာရပ်ခံပြီးယင်းရန်ပုံငွေများကို လူမှုအဖွဲ့အစည်းလှုပ်ရှားမှုများအတွက် ၄င်းတို့ကိုယ်တိုင် စီမံခန့်ခွဲ အသုံးပြုရန်ဖြစ်ပါသည်။)

လူမှုအဖွဲ့အစည်း(သို့)အဖွဲ့အစည်းဝင်များသည် နံနက်စာဝန်ဆောင်မှုပါဝင်သောတည်းခိုမှု (B&B Services နောက်ဆက်တွဲ-၂)ကို ၄င်းတို့ကိုယ်တိုင် (သို့) ပုဂ္ဂလိကလုပ်ကိုင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ရန်အားပေးပါသည်။

ပြည်တွင်း၊ ပြည်ပဧည့်သည်များသည် လူမှုအဖွဲ့အစည်းမှ သတ်မှတ်ထားသောစည်းမျဉ်း စည်းကမ်းအားလိုက်နာမည်ဆိုပါက အဆိုပါ B&B တွင် တည်းခိုခွင့်ရှိပါသည်။ မြန်မာနိုင်ငံအနေနှင့် ၂၀၁၀ ခုနှစ်တွင် ASEAN Homestay Standards ကိုလက်မှတ်ရေးထိုးခဲ့သော်လည်း ဒေသခံဓလေ့ထုံးစံနှင့် ဘာသာရေးအရသာ B&B ဝန်ဆောင်မှုကို မြှင့်တင် ကြော်ငြာရန်ထောက်ခံပါသည်။

လူမှုအဖွဲ့အစည်းများသည် နေအိမ်တည်းခိုခြင်း အစီအစဉ် (Homestay Program ) အား ရေရှည်လုပ်ကိုင်သွားနိုင်ရန်အတွက် ပထမအဆင့်အနေဖြင့်ကျေးရွာများတွင် B&B ဝန်ဆောင်မှုအတွေ့အကြုံများ ရရှိရန်လုပ်ကိုင်သင့်ပါသည်။

## ထို့အပြင် မြန်မာနိုင်ငံ CIT ၏ငွေကြေးအကျိုးအမြတ်များတွင် အောက်ပါထူးခြားသောလက္ခဏာများ ပါဝင်သင့်ပါသည်-

- ခရီးသွားလုပ်ငန်းဝန်ဆောင်မှု၏ အစိတ်အပိုင်းအဖြစ်ပညာရေးနှင့် စကားပြန် အတတ်ပညာအား အားပေးခြင်း၊
- ဒေသခံများနှင့်ဧည့်သည်များကို ပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများအား ထိန်းသိမ်းရေး အသိမြှင့်တင်ပေးခြင်း၊
- သဘာဝနှင့် လူမှုဓလေ့ဝန်းကျင်အပေါ် ဆန့်ကျင်ဘက်ရလဒ်သက်ရောက်မှုများ အား လျှော့ချခြင်း၊
- ယဉ်ကျေးမှုအသိပညာ ဗဟုသုတများအား မျှဝေအသိပေးခြင်း၊
- ရှေးဟောင်းနေရာများနှင့် သမိုင်းဝင် အဆောက်အဦးများအား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
- လူမှုအဖွဲ့အစည်းအား အမြင်တင့်တယ်လှပစေရေး(အညစ်အကြေးစွန့်ပစ်မှုအပါအဝင်) နှင့် ရှေးဟောင်းအမွေအနှစ်များကို ပြန်လည်ထိန်းသိမ်းစေရေးနှိုးဆော်ခြင်း၊
- အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီခြင်း၊
- ကျေးရွာရှိနေအိမ်မြေများအား ဒေသခံများမှ ထိန်းသိမ်းခွင့် အာမခံပေးခြင်း၊
- လူမှုအဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို တည်ဆောက်ခြင်း၊

# အခန်း(၅) ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ

ဤမူဝါဒ၏ ယေဘုယျရည်ရွယ်ချက်မှာ "ဒေသလူမှုအဖွဲ့အစည်းများအတွက် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်မှုတိုးပွားလာစေရန်နှင့် သင့်တော်သည့် ခရီးသွား ထုတ်ကုန်များကို တိုးချဲ့၍ ပြည်တွင်း၊ ပြည်ပဧည့်သည်များအား ဆွဲဆောင်ရန်" ဖြစ်သည်။ ခရီးစဉ်ဒေသ လှုပ်ရှားမှုများ တိုးတက်များပြားလာခြင်းကြောင့် မကောင်းသော အကျိုးသက်ရောက်မှုများဖြစ်ပေါ်နိုင်သဖြင့် စီမံခန့်ခွဲမှုကို ဂရုတစိုက်ပြုလုပ်ရန် လိုအပ်ပါသည်။

အထက်ဖော်ပြပါရှုမြင်ချက်အရ အောက်ဖော်ပြပါ ရည်မှန်းချက်များသည် " မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ရေး" ဆိုင်ရာမူဝါဒအပေါ် ဦးဆောင်လမ်းပြမည်ဖြစ်ပါသည်-

ရည်မှန်းချက် (၁) အသင်းအဖွဲ့ဆိုင်ရာဝန်းကျင်နှင့် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ အားကောင်းလာစေရန်၊

ရည်မှန်းချက် (၂) ခရီးသွားလုပ်ငန်းတွင် လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ လူမှုအဖွဲ့အစည်းအတွက် စွမ်းဆောင်ရည်တည်ဆောက်ရန်၊

ရည်မှန်းချက် (၃) ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများစီမံကိန်းရေးဆွဲရေးနှင့်စီမံခန့်ခွဲရေးအားကောင်းစေရန် အကာအကွယ်များ၊ နည်းစနစ်များ နှင့်လုပ်ထုံးလုပ်နည်းများဖွံ့ဖြိုးတိုးတက်စေရန်၊

ရည်မှန်းချက် (၄) အသေးစားနှင့် ဒေသစီးပွားရေးလုပ်ငန်းများအား ဒေသခံစီးပွားရေးစွမ်းဆောင်ရှင်များမှ လုပ်ကိုင်နိုင်ရန် တိုက်တွန်းအားပေးရန်၊

ရည်မှန်းချက် (၅) လူမှုအဖွဲ့အစည်းအဆင့်တွင် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုအရည်အသွေးများ အမျိုးအစားစုံလင်စွာဖြင့်ဖွံ့ဖြိုးတိုးတက်စေရန်၊

ရည်မှန်းချက် (၆) ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ခြင်းဖြင့်ရရှိသော အကျိုးအပြစ်များကို စောင့်ကြည့်ရန်၊



# အခန်း(၆) ရည်မှန်းချက်အားလုံးနှင့်ဆက်နွယ်နေသည့် အဓိကကျသော နည်းဥပဒေသများ

ဤမှတ်တမ်းအထောက်အထားများအားဖော်ထုတ်ရာတွင် ထည့်သွင်းဖြေရှင်းရမည့် အခြားသော ပြဿနာများသည် မြန်မာနိုင်ငံ CIT ၏ အဓိကအစိတ်အပိုင်းဖြစ်ပါသည်။ ဤမူဝါဒပါရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ပြည့်ဝအောင်မြင်ရန် အဓိကကျသော အခြေခံသဘောတရားများကို မဖြစ်မနေထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။

**ဒေသခံလူမှုအဖွဲ့အစည်းများအား ထိခိုက်နစ်နာမှုမရှိစေရေး**

လွန်ခဲ့သည့်နှစ်ပေါင်း(၂၀)အတွင်း ကမ္ဘာတလွှားတွင် လူမှုအဖွဲ့အစည်းအခြေပြု ခရီးသွားလုပ်ငန်း(**CBT**) မြှင့်တင်ရန်အတွက် များစွာသော ဖွံ့ဖြိုးမှု စီမံကိန်းများပြင်းပြင်းထန်ထန် လုပ်ခဲ့သည်။ သို့သော် ဈေးကွက်အခွင့်အလမ်းနှင့် အုပ်ချုပ်မှုအရည်အသွေး နိမ့်ကျသောကြောင့် (**CBT**) စီမံကိန်းအနည်းငယ်သာလျှင် သိသာထင်ရှားသောစီးပွားရေး အကျိုးအမြတ်ကို ရရှိခဲ့ပါသည်။ စုပေါင်းစီမံခန့်ခွဲမှုသည် ထိရောက်စွာလုပ်ကိုင်နိုင်ရေး အတွက် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေပါသည် လူမှုအဖွဲ့အစည်းအတွင်း ဒီမိုကရေစီပုံစံကျမှုများ၊ အယူဝါဒလွှမ်းမိုးမှုမရှိခြင်းနှင့်အတူ အာဏာပိုင်များ၏ ရှေးရိုးစွဲပုံစံများက ရည်ရွယ်မထားသော သက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။ ဤအကြောင်းကြောင့် မြန်မာနိုင်ငံ၏ “ လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မည့် ခရီးသွားလုပ်ငန်း စီမံကိန်း” အားလုံးတွင် ထိခိုက်နစ်နာမှုမရှိ စေသည့် လုပ်နည်းကိုင်နည်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူများ အကြား “လူမှုအဖွဲ့အစည်းများအားထိခိုက်မှုမရှိစေရေး မည်သို့လုပ်ကိုင်ရမည်” ဆိုသည့်အချက်ကို ဆွေးနွေး၍ မလိုလားအပ်သော သက်ရောက်မှုများရှောင်ရှားနိုင်ရန်အချက်သည် အဓိကဖြစ်ပါသည် “ထိခိုက်မှုမရှိစေရေး နည်းလမ်း” သည်လူမှုအဖွဲ့အစည်းအတွက် ပိုမိုကောင်းမွန်သော ရလဒ်များရရှိစေ၍ စီမံချက်များတွင် ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်သူများနှင့်အကြံပေးများ ပိုမိုရှင်းလင်းစွာ ဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်ပါသည်။

**ခရီးသွားလုပ်ငန်းတွင် ဒေသခံလူမှုအဖွဲ့အစည်း ပါဝင်ဆောင်ရွက်ခြင်းကို သတင်းကြော်ငြာရမည်။ ဆန္ဒထက်သန်မှု ပြုရမည်။**

ခရီးသွားလုပ်ငန်းတွင် မည်သည့် ဆောင်ရွက်မှုကိုမဆို မဆောင်ရွက်မီအနာဂတ်တွင် ဖြစ်နိုင်ချေရှိသည့် အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များကို သိရှိနိုင်စေရန် ဒေသခံလူမှု အဖွဲ့အစည်းများကို ခရီးသွားလုပ်ငန်း ဆိုင်ရာလုံလောက်သောသတင်းအချက်အလက်များ ပေးရမည်ဖြစ်သည် ဒေသခံပြည်သူလူထုအနေနှင့် ခရီးသွားလုပ်ငန်းတွင်ပါဝင်ရန် ဆန္ဒရှိပြီး ဖြစ်နိုင်ချေရှိသည့် သက်ရောက်မှုများကို ကြိုတင်သတိပြု၍ ဖြေရှင်းရန် နည်းလမ်းများကိုပြင်ဆင် ထားရမည်ဖြစ်သည်။

**ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ နှင့် သက်ဝင်ယုံကြည်မှုများကိုအလေးထားပါ။**

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုကွဲပြားခြားနားသော လူမျိုးစုအများဆုံးရှိပြီး ယဉ်ကျေးမှုတူ အုပ်စုအတွင်း မှာပင် နောက်ထပ်ကွဲပြားခြားနားမှုများကိုတွေ့ရှိရပါသည်။ လူတစ်ဦးစီသည် ကွဲပြားခြားနားသော ဓလေ့ထုံးစံများဖြင့် ကြီးပြင်းလာခဲ့ရပါသည်။ တစ်ဦးချင်းစီသည် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ သက်ဝင်ယုံကြည်မှုများနှင့် ပျော်ရွှင်သုခရှိကြပြီး ၎င်းယဉ်ကျေးမှုဓလေ့များသည် လူသားတိုင်းကို ပေါ်လွင်ထင်ရှားစေပါသည်။ ထို့ကြောင့် ဧည့်သည်များ၊ ပုဂ္ဂလိက ပြည်သူတို့သည် မြန်မာနိုင်ငံ ရှိလူတိုင်း၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်၊ ဓလေ့ထုံးစံနှင့် သက်ဝင်ယုံကြည်မှုတို့ကို အလေးထားဂရုပြုကြရမည်ဖြစ်သည်။

**ကျား၊မ တို့၏ တာဝန်ဝတ္တရားများ**

ဝေးလံသောဒေသရှိ မတူညီသော လူမျိုးစုများ၏ ယဉ်ကျေးမှု အသိပညာများအရနှင့် အချို့အခမ်းအနားများတွင် ကျား၊မ ဘောင်ခတ်ပိုင်းခြား ခွဲခြားမှုများရှိနေပါသည်။ လိင်ခွဲခြားခြင်း ကိစ္စမှာ ကနဦးညှိနှိုင်းမှုမှသည် ထုတ်ကုန်တွင် ဧည့်သည် ၏ ပါဝင်ပတ်သက်မှုအထိ သက်ရောက်မှုရှိနိုင်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို အကျိုးသက်ရောက်နိုင်ပါသည်။ ဒေသခံလူမှု အဖွဲ့အစည်း များပါဝင်ဆောင်ရွက်ရန် စီမံကိန်းရေးဆွဲရာ၌ ထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်ပါသည်။







### စီးပွားရေးလုပ်ငန်းအယူအဆများ

ဝေးလံဒေသရှိ လူအနည်းငယ်သာ စီးပွားဖြစ်ခရီးသွားလုပ်ငန်းအတွေ့အကြုံကို သိရှိသေးသဖြင့် ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးအမြင်တွင် လူမျိုးစုများသိရှိမှု ကန့်သတ်ချက်ရှိနေပါသည်။ အနာဂတ်ကာလတွင် ခရီးသွားလုပ်ငန်း၏ အခန်းကဏ္ဍ ပါဝင်လာမည်ဆိုပါက ၎င်းတို့၏စွမ်းအားများရှိနေရန် လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် လူမှုအဖွဲ့အစည်းများအနေနှင့် စီးပွားရေးကဏ္ဍတွင် ပါဝင်ရန်ဆန္ဒရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ခရီးသွားလုပ်ငန်း၏ စီးပွားရေးလုပ်ငန်းအယူအဆ၊ သဘောတရားများကို သိရှိနားလည်သဘောပေါက်ရန် ၎င်းတို့အတွက် လုံလောက်သောအချိန်နှင့် နေရာပေးရန် အရေးကြီးပါသည်။ ဤကဏ္ဍသည် နောက်လာမည့် ဆုံးဖြတ်ချက်ချခြင်း အတွက် တိုက်ရိုက်ဆက်နွယ်နေပါသည်။

### ဆုံးဖြတ်ချက်ချခြင်း

ဒေသခံလူမှုအဖွဲ့အစည်းများအတွင်း ညှိနှိုင်းဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်သည် ယေဘုယျအားဖြင့် ရှည်လျားသောလမ်းကြောင်း တစ်ခုဖြစ်ပါသည်။ လူမှုအဖွဲ့အစည်းအတွင်းနှင့် အခြားမိတ်ဖက်ရှိုးဖလာ ပိုင်ရှင်များတွင် ဆုံးဖြတ်ချက်ချရန် ကျယ်ပြန့်သောအကြံပြုချက်များလိုအပ်ပါသည်။

### လူမှုအဖွဲ့အစည်းခရီးသွားလုပ်ငန်းသည် သင့်လျော်သော စီးပွားရေးစီမံချက်ပေါ်တွင် အခြေပြုရမည်။

လူမှုအဖွဲ့အစည်းခရီးသွားလုပ်ငန်းဖက်စပ်စီးပွားရေး အားလုံးသည် သင့်လျော်မှန်ကန်သော ဈေးကွက်သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်တို့ကို ကျောထောက်နောက်ခံပြုထားသည့် သင့်လျော်သော စီးပွားရေး စီမံချက် လိုအပ် ပါသည်။ ဘဏ္ဍာငွေရေရှည်တည်တံ့မှုသည်စီးပွားရေး ယူနစ်အတွင်းမှသာ ရရှိရမည်ဖြစ်ပြီး ပြင်ပငွေကြေး အထောက် အပံ့များအပေါ် မှီခိုအားထားခြင်းမပြုရ။ ဖက်စပ်စီးပွားရေးလုပ်ငန်းများကျဆုံးခြင်းသည် တစ်ဦးတစ်ယောက်ချင်းစီနှင့် လူမှုအဖွဲ့အစည်း၏ ခရီးသွားလုပ်ငန်းအပေါ် ယုံကြည်စိတ်ချမှုအား ပျက်စီးစေရုံသာမက၊ စီးပွားရေးလုပ်ငန်းနှင့် ရည်မှန်းချက်ပန်းတိုင်၏ ဂုဏ်သတင်းကိုလည်း ထိခိုက်နစ်နာစေပါသည်။ ဤနည်းနှင့် ဆက်လက်လုပ်ကိုင်ကြမည့် ဖက်စပ်လုပ်ငန်း များ၏ မျှော်လင့်ချက်ကိုလည်း ကျဆင်းစေပါသည်။

### လူမှုအဖွဲ့အစည်းမှစီမံခန့်ခွဲသည့် အောင်မြင်သောခရီးသွားလုပ်ငန်းသည် ခရီးသွားလုပ်ငန်းကွန်ယက် ခေတ်ရေစီးကြောင်းအတွင်း သေချာပေါက် လည်ပတ်လုပ်ကိုင်ရမည်။

အထူးသဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF)ကွန်ယက်သည် စီးပွားရေးသတင်းအချက်အလက် များ၊ ကွန်ယက်ချိတ်ဆက်မှုများနှင့် ဈေးကွက်မြှင့်တင်ရေးအခွင့်အလမ်းများကို ဆောင်ကျဉ်းပေးသည့် အရေးပါ သောလမ်းကြောင်းဖြစ်သည်။ အလားတူခရီးသွားကိုယ်စားလှယ်များ၏ ကွန်ယက်ဖြန့်ဝေခြင်း၊ လက်ကားရောင်းချသူများ နှင့် ပြည်တွင်းခရီးသွားလုပ်ငန်းလုပ်ကိုင်သူများမှ ဝေးလံသော ဈေးကွက်များသို့ တစ်ဆင့်ရောင်းချလိုက်သည့်ခရီးသွား လုပ်ငန်းထုတ်ကုန်များသည်လည်း တန်းတူအရေးကြီးပါသည် အဆိုပါကွန်ယက်များ၏ တည်ဆောက်ပုံများသည်၎င်းတို့ဝန်ဆောင်မှုပေးနေသော ဈေးကွက်နှင့် ဆက်စပ်၍ ပြောင်းလဲပါသည်။ ခေတ်မီဆက်သွယ်ရေးနည်းစနစ်များဖြင့် ချိတ်ဆက်ဖြန့်ဖြူးရေး တစ်ခတ်ဆန်းနေချိန်တွင် သမရိုးကျ ကွန်ယက်များကို ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများနှင့် ဒေသခံလူမှုအဖွဲ့အစည်း အများးစုတို့အကြား အရေးပါသော အဆက်အသွယ်များအဖြစ် အနာဂတ်ကာလတွင် ဆက်လက်အသုံးပြုနေရဦးမည် ဖြစ်သည်။ ထို့ကြောင့် လူမှုအဖွဲ့အစည်းခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးမှုနှင့် ကြီးထွားမှုသည် ခရီးသွားလုပ်ငန်းကွန်ယက် အောင်မြင်စွာ ထူထောင်နိုင်မှုအပေါ်တွင် တည်မှီနေပါသည်။

### သင့်တင့်လျော်ကန်သောအလုပ်

CIT လုပ်ငန်းအားလုံးသည် "သင့်တင့်လျော်ကန်သောအလုပ်" အဖြစ် ပေါင်းစပ်ပါဝင်ရမည်။ ၎င်းအလုပ်သည်ဝင်ငွေရရှိစေရန် ဖြည့်ဆည်းပေးသည့်အပြင် ကျယ်ပြန့်သော လူမှုရေးနှင့်စီးပွားရေး တိုးတက်မှုတို့အတွက် လမ်းဖွင့်ပေးနိုင်ပြီး တစ်ဦးချင်းစီကိုလည်းကောင်း၊ ၎င်းတို့၏ မိသားစုများကိုလည်းကောင်း၊ လူမှုအဖွဲ့အစည်းများကို လည်းကောင်း အားဖြည့်ပေးပါသည်။ သို့သော်အဆိုပါတိုးတက်မှုသည်

သင့်တင့်လျော်ကန်သောအလုပ် ပေါ်တွင် မူတည်ပါသည်။ သင့်တင့်လျော်ကန်သောအလုပ် သည် လွတ်လပ်သော၊ ညီမျှသော၊ လုံခြုံမှုရှိသော၊ သိက္ခာရှိသော အနေအထားနှင့် အလုပ်အကိုင်များ ရရှိနိုင်မှုပင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်(ILO)၏အဆိုအရ သင့်တင့်လျော်ကန်သောအလုပ်ဆိုသည်မှာ အကျိုးရှိပြီး သင့်လျော်သောဝင်ငွေ၊ လုပ်ငန်းခွင်လုံခြုံမှုနှင့် မိသားစုများအတွက် လူမှုရေး အကာအကွယ်များကိုပေးနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းကို ဆိုလိုပါသည်။ ထို့အပြင် ပုဂ္ဂလိကရေးတိုးတက်မှုနှင့် လူမှုရေး ပေါင်းစည်းမှု၊ ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ အရေးကိစ္စများကိုလွတ်လပ်စွာ ဖော်ပြနိုင်မှု၊ ၎င်းတို့၏ ဘဝများနှင့် အခွင့်အလမ်း ညီမျှမှုများအပေါ် အဆုံးအဖြတ်ပြု သက်ရောက်စေမည့် ဖွဲ့စည်းမှုနှင့် ပါဝင်ဆောင်ရွက်မှု၊ အမျိုးသမီးနှင့် အမျိုးသားများ အပေါ်ပြုမူဆက်ဆံမှုများနှင့်ပတ်သက်၍ ပိုမို ကောင်းမွန်သောအလားအလာများကို ပေးပါသည်။





## ခရီးသွားလုပ်ငန်းအရင်းအမြစ်များအပေါ်အခွင့်အလမ်းများတိုးပွားစေခြင်း

တန်းတူညီမျှမှုကို မြှင့်တင်ရန်အတွက် အစိုးရသည် မြေ၊ သဘာဝပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှု ဆိုင်ရာ ဆွဲဆောင်မှုများစသည့်ခရီးသွားလုပ်ငန်းအရင်းအမြစ်များ အပေါ်လူမှုအဖွဲ့အစည်းများ၏ ရပိုင်ခွင့်များ တိုးမြင့်လာစေရေး ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ခရီးသွားလုပ်ငန်းစီမံကိန်းအသစ်များ ရှာဖွေခြင်းကြောင့် ဖြစ်ပေါ်လာသော အလိုအလျောက်ပြန်လည် နေရာချထားခြင်းကိုရှောင်ကြဉ်ရန်နှင့် လျှော့ချရန်၊ ခရီးသွား လုပ်ငန်းစီမံကိန်းများမှဖြစ်ပေါ်လာသော အလိုအလျောက်ပြန်လည်နေရာချထားခြင်း အတွက် အကာအကွယ်ရရန်နည်းလမ်းရှာဖွေရမည်။ ပြန်လည်နေရာချထား မှုပြုလုပ်ခြင်းကိုမရှောင်နိုင် ပါက အစားထိုးနေရာချထားခံရသောလူများအတွက် ၎င်းတို့အသက်ရှင် နေထိုင်မှု တိုးတက်လာရန်(သို့) အနည်းဆုံး ယခင်အဆင့်ထက် မနိမ့်ကျစေရန် တရားဝင်အာမခံမှုရရှိသင့်သည်။

## မြေယာနှင့်ပတ်သက်ဆက်နွယ်မှုများ

လူမျိုးစု လူမှုအဖွဲ့အစည်းများ၊ ၎င်းတို့၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်သည် ခွဲခြား၍ မရနိုင်အောင်ဆက်နွယ်လျက်ရှိပါသည်။ ပြည်သူနှင့်တိုင်းပြည်ဆက်သွယ်မှုသည် ခရီးသွားလုပ်ငန်း၏ အဖိုးတန် ပစ္စည်းဖြစ်နေချိန်တွင် ခရီးသွားလုပ်ငန်းအလားအလာရှိသော နေရာများမှာ ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုများကြောင့် စိတ်ဝင်စား ဘွယ်အကောင်းဆုံးခရီးစဉ်များကို လည်ပတ်နိုင်ခြင်း၊ အသုံးချနိုင်ခြင်းမရှိဘဲ ဖြစ်နေပါသည်။

## အများပိုင်ဧရိယာတွင် ရင်းနှီးမြှုပ်နှံခြင်း

အများပိုင်ဧရိယာတွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်ရာ၌ သေချာစွာမြှင့်တင်ကြော်ငြာရန်နှင့် စီမံချက်ချရန် လိုပါသည်။ သို့သော်အများပိုင် ဧရိယာအတွင်း သဘာဝအရင်းအမြစ် အခြေခံများ၊ ခရီးသွားလုပ်ငန်း အခြေခံအဆောက်အဦးများနှင့် စီမံကိန်း၊ ဈေးကွက်စီးပွားရေးနှင့် မြှင့်တင်ရေး၊ လေ့ကျင့်သင်ကြားရေးစသည်တို့၌ ရင်းနှီးမြှုပ်နှံရန်အတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ငွေကြေးပါဝင်မှုနည်းမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းတွင် အများပိုင်ဧရိယာများ၌ ရင်းနှီးမြှုပ်နှံရန် အစုရှယ်ယာ ထည့်ဝင်ငွေများလုံလောက်စွာရရှိရေးမှာအရေးကြီး ပါသည်။ အထူးသဖြင့်အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊သင်တန်းများနှင့် ဈေးကွက်ရှာဖွေရေး အစရှိသည့်ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများအတွက် အခွန်စည်းကြပ်ခြင်းများ၊ ဝန်ဆောင်ခပေးရခြင်းများသည် နိုင်ငံအဝှမ်း မြင့်တက် လာမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် အနိမ့်ဆုံးဝင်ငွေများတိုးမြင့်လာချိန်၌ အဆိုပါဖွံ့ဖြိုးမှုနည်းသော ဧရိယာများတွင် ပြန်လည် ရင်းနှီးမြှုပ်နှံမှုများပြုလာကြမည်ဖြစ်သည်။ ဒေသခံရန်ပုံငွေသို့ တိုက်ရိုက်ငွေကြေးထည့်ဝင်ခြင်းဖြင့် သင့်လျော်သော နေရာအတွက် ရင်းနှီးမြှုပ်နှံမှု ပြုသင့်ပါသည်။

## CIT စီမံကိန်းအား အကောင်အထည်ဖော်ခြင်း

အကောင်အထည်ဖော်ရေးစီမံချက်သည် မဟာဗျူဟာအတိုင်း လုပ်ငန်းလည်ပတ်လုပ်ကိုင်ရန် ရည်ရွယ်ပါသည်။ ဤရည်ရွယ်ချက်အတွက် မည်သူက မည်သည့်အချိန်တွင် မည်သည်ကိုလုပ်ရမည်။ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူများ၏ စီမံချက်နှင့်စီးပွားရေး စီမံချက်များအပါအဝင် မည်သည့်အရင်းအမြစ်များ လိုအပ်သည် စသည့် အရေးကြီးသော သတင်းအချက်အလက်များကို ဦးစားပေးဖော်ပြရန် ဖြစ်သည်။

# အခန်း(၇) အဓိကရည်မှန်းချက်များနှင့် ဆောင်ရွက်ရန် အချက်များ

ရည်မှန်းချက်အမှတ်(၁) အသင်းအဖွဲ့များဆိုင်ရာ ပတ်ဝန်းကျင်နှင့်အများပြည်သူဆိုင်ရာ လူမှုအဖွဲ့အစည်းများ အားကောင်းလာစေရန်။



(က) ရည်မှန်းချက်အမှတ်(၁)သည် လူမှုအဖွဲ့အစည်းများခရီးသွားလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်ရေးကို ရှေးရှု၍ အသင်းအဖွဲ့များဆိုင်ရာ ပတ်ဝန်းကျင်အားကောင်းစေရန် ဦးတည်ပါသည်။

(ခ) ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများဖွံ့ဖြိုးလာစေရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများနှင့် အကောင်အထည်ဖော်မည့် စီမံကိန်းများ၊ အစီအစဉ်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာနမှကြီးကြပ်ဆောင်ရွက်မည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် လူမှုအဖွဲ့အစည်းများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့် ထိတွေ့သက်ရောက်မှုရှိပြီးဖြစ်ရမည် (သို့) အနာဂတ်တွင် အစိုးရအဖွဲ့အစည်းများ၊ ကော်မတီများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ စီမံချက်နှင့် ဥပဒေ၊ စည်းကမ်းမူကြမ်းရေးဆွဲရေးတို့တွင် ပါဝင်သည့် လုပ်ငန်းအဖွဲ့များကို ကိုယ်စားပြုသူများ ဖြစ်ရမည်ဖြစ်သည်။

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် သင့်လျော်သော ကော်မတီများအပေါ် လူမှုအဖွဲ့အစည်းမှ ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုခြင်းအား တက်ကြွစွာ အားပေးတိုက်တွန်းရမည်ဖြစ်သည်။

(ဃ) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် သတင်းအချက် အလက်များ၊ အကြံဉာဏ်များ၊ အဆက်အသွယ်များပေးခြင်း၊ ခရီးသွားလုပ်ငန်းစီမံကိန်းအတွက် ဒေသဆိုင်ရာ စီမံအုပ်ချုပ်မှု အထောက်အကူများ ပေးခြင်းတို့ဖြင့် ကူညီသွားရမည်ဖြစ်သည်။ ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းအား ထိန်းကြောင်းရေးနှင့် ဖုန်များဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲ၍ ထူထောင်ရာတွင် ဒေသခံလူမှု အဖွဲ့အစည်းများပါဝင်နိုင်အောင် အားပေးမြှင့်တင်ပေးရမည်ဖြစ်သည်။

(င) ထို့အပြင် လူမှုအဖွဲ့အစည်းများသည်ခရီးသွားလုပ်ငန်းတွင် ဦးစားပေးပါဝင်ဆောင်ရွက်ရာ၌ အဓိကခရီးစဉ်ဒေသအားလုံးတွင် ဒေသခံများက စီမံအုပ်ချုပ်ရေးအပေါ် တာဝန်ရှိပုံကို သေချာအောင်သိရှိစေရန်ဆောင်ရွက်ပေးရမည့်

| ရည်မှန်းချက်အမှတ်(၁)နှင့်သက်ဆိုင်သည့် ဆောင်ရွက်ရန်ရန်အချက်များ | |
|---|---|
| (က) | ခရီးသွားလုပ်ငန်းတွင် ဒေသခံလူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ရေးအားဒေသခံအစိုးရအဖွဲ့၏ တာဝန် တစ်စိတ်တစ်ပိုင်းအဖြစ်သတ်မှတ်နိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနှင့်ဒေသခံအုပ်ချုပ်ရေးတို့အကြား အဖွဲ့အစည်းချင်းဆက်သွယ်ဆောင်ရွက်စေရန် |
| (ခ) | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့သည် ခရီးသွား လုပ်ငန်းဆိုင်ရာဆက်ဆံရေးအရာရှိများ(သို့) ညှိနှိုင်းရေးမှူးများကို ခန့်အပ်ပြီးအထက်ပါ အချက်ကို ဆောင်ရွက်စေရန်နှင့် လွတ်လပ်သောအဖွဲ့အစည်းများ၊ အစိုးရ၊ ရင်းနှီးမြှုပ်နှံသူများ၊ ခရီးသွားကုမ္ပဏီများ စသည်တို့အကြားဆက်သွယ်ဆောင်ရွက်မှု အဆင်ပြေစေရေးဆောင်ရွက်စေရန်၊ ထို့အပြင် နောက်ထပ်အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် လူမှုအဖွဲ့အစည်း များပါဝင်သည့် ခရီးသွားလုပ်ငန်းသည် သင့်လျော်သည့် အသိအမှတ်ပြုမှု လက်ခံရရှိစေရန်၊ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့သည် လွတ်လပ်သော အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား ဆက်သွယ်ဆက်ဆံရေးကို ဆက်လက်ဆောင်ရွက်ပြီး မူဝါဒနှင့် ဥပဒေများထပ်မံပြောင်းလဲမှုဖြစ်စဉ်များတွင် လူမှုအဖွဲ့အစည်း၏အမြင်အရ ထည့်သွင်းစဉ်းစားသွားရန်၊ |
| (ဃ) | CIT ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြှင့်တင်ကြော်ငြာခြင်းနှင့် သတိပြုစိတ်ဝင်စားမှုရှိစေရေးများကို ဆက်လက်ဆောင်ရွက်ရန်၊ |
| (င) | ဒေသခံအဆင့်တွင် သင့်လျော်သော ကိုယ်စားလှယ်များနှင့်ပုံမှန်အစည်းအဝေးများပြုလုပ်ရန်၊ |

ပါဝင်ဆောင်ရွက်ရန်ပုဂ္ဂိုလ်များ - ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန(ဗဟိုပြဌာန) နှင့် ခရီးသွားလုပ်ငန်း နှင့်ဆက်နွယ်နေသည့် ဝန်ကြီးဌာနများ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသခံလူမှု အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊

(က) ရည်မှန်းချက်အမှတ်(၂)သည် လူသားအရင်းအမြစ်စွမ်းဆောင်ရည်များကို တည်ထောင်ရန်၊ ခရီးသွားလုပ်ငန်းတွင် အရည်အသွေးရှိသော လူမှုအဖွဲ့အစည်းဆိုင်ရာ လှုပ်ရှားမှုများတိုးပွားလာစေရေးမြှင့်တင်ရန်တို့နှင့် ပတ်သက်သည့် အခြေခံကျသော ဆက်စပ်လွှမ်းခြုံနေသော အချက်များဖြစ်သည်။

(ခ) အဓိက ဦးတည်ချက်မှာဒေသခံအကြံပေးများ၊ ဧည့်လမ်းညွှန်များ၊ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများနှင့်ဒေသခံလူမှုအဖွဲ့အစည်းများ အတွက်သင်ကြားလေ့ကျင့်ရေးပုံစံများ နှင့်သင်တန်းများ ပို့ချပေးသွားနိုင်ရေးဖြစ်ပါသည်။ သင်တန်းသင်ရိုးများမှာ ကျေးလက်နေပြည်သူများနှင့် ခရီးသွားလုပ်ငန်းတွင်ပါဝင်သည့်လူမှုအဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုများတိုးမြင့်လာစေရန်နှင့်လိုအပ်ချက်ကိုပြည့်မီရန် သေချာစွာပြုစု ထားရမည်ဖြစ်ပါသည်။ ထို့အပြင်ဤသို့ သင်ကြားရေးအစီအစဉ်မှ သင်ယူရရှိသော အရည်အချင်းများသည် ခရီးသွားလုပ်ငန်းကဏ္ဍကြီးမှ အသိအမှတ်ပြုလက်ခံသည့်အစီအစဉ်တွင်ပါဝင်ကြောင်း အာမခံပေးရန်လိုအပ်ပါသည်။ သို့မှသာ ၄င်းတို့သည် တရားဝင်အသိအမှတ်ပြုခံရပြီး လုပ်ငန်းလက်ခံစာချုပ်ဖြင့် ဈေးကွက်တင်နိုင်မည်ဖြစ်သည်။

မြန်မာ့ခရီးသွားလုပ်ငန်းသင်တန်းပို့ချရေးအစီအစဉ်တွင် ပါဝင်/အသိအမှတ်ပြုခံရပြီး

| ရည်မှန်းချက်အမှတ်(၂)နှင့် သက်ဆိုင်သည့် ဆောင်ရွက်ရန်အချက်များ | |
|---|---|
| (က) | ခရီးသွားလုပ်ငန်းအပေါ် အလေးထားသတိပြုမှုဆိုင်ရာ သင်တန်းများကို ဒေသခံလူမှုအဖွဲ့အစည်းများအား ပေးရန်၊ |
| (ခ) | ခရီးသွားလုပ်ငန်းစီမံကိန်းရေးဆွဲခြင်း၊ ခရီးသွားလုပ်ငန်း၏သက်ရောက်မှုများ ဆုံးဖြတ်ချက်ချခြင်း စသည့်နယ်ပယ်များ၌ နည်းပညာပိုင်းဆိုင်ရာအကူအညီများ ပေးရန်၊ သို့မှသာဆုံးဖြတ်ချက်များ၊ အဖွဲ့အစည်းများ၏ အကျိုးစီးပွား အတွက် မျှတသောကိုယ်စားပြုမှုများကို ဆက်ဆံရေးအရာရှိများ (သို့) ညှိနှိုင်းရေးမှူးများမှ တဆင့်အသိပေးနိုင်မည် ဖြစ်သည်။ |
| (ဂ) | ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့်ကျွမ်းကျင်မှုများဖွံ့ဖြိုးတိုးတက်ရေးကို ဗဟိုပြုသည့်လေ့ကျင့်သင်ကြားရေး အစီအစဉ်များကိုပြုလုပ်ပေးရန်၊ အထူးသဖြင့် ဘာသာစကား၊ ရှေ့ဦးသူနာပြု၊ စွမ်းအင်သုံးစွဲမှု၊ အရေးပေါ်ကိစ္စစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေရေးနှင့် စီမံခန့်ခွဲမှု စသည့် နယ်ပယ်များတွင် ဖြစ်သည်။ |
| (ဃ) | အရင်းအမြစ်များအားသုံးစွဲရာတွင်လုံခြုံမှုရှိစေရေးနှင့် စွမ်းဆောင်ရည်ကောင်းစေရေးအတွက် လည်းကောင်း၊ ဝေးလံဒေသများတွင်ဧည့်သည်နှင့် အိမ်ရှင် ယှဉ်ပြိုင်မှုများဖြေလျှော့စေရန်အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် စဉ်ဆက်မပြတ်သတိပြုရေး၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး၊ အရင်းမြစ်များ အသုံးချရေး (ဥပမာ- စွမ်းအင်၊ ထင်း၊ ရေ) ဆိုင်ရာ ပညာပေး အစီအစဉ်များ ကိုတည်ထောင်ရန်၊ ယဉ်ကျေးမှုနှင့် မိရိုးဖလာအမွေအနှစ်များကို ကာကွယ်ရန်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ယဉ်ကျေးမှုတန်ဖိုးများကို ဂရုပြုစေသည့်အစီအစဉ်များ ကိုလည်း တည်ထောင်ရန်၊ |
| (င) | တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာ ယဉ်ကျေးမှုနှင့် မျက်မှောက်ခေတ်ယဉ်ကျေးမှုတို့ကို တန်ဖိုးထားတတ်စေရေး အတွက် ခရီးသွားဧည့်လမ်းညွှန်များ၊ ခရီးစဉ်စီစဉ်သူများနှင့်ကျေးရွာ ဧည့်လမ်းညွှန်များအားလေ့ကျင့်ပေးရန်၊ |
| (စ) | ပုဂ္ဂလိက ကဏ္ဍ၏အကူအညီဖြင့် အတတ်ပညာဆိုင်ရာ အသေးစိတ်သင်တန်း၊ လေ့ကျင့်မှု အခြေပြုသင်တန်း စသည့် အလွတ်သင်တန်းများ စီစဉ်ဖန်တီး ပေးခြင်းအားတိုးမြှင့်ရန်၊ သင်ကြားရန်အခွင့်အရေးမရသူများ၊ မသန်စွမ်းသူများ ပါဝင်တက်ရောက်နိုင်စေရန်၊ |
| (ဆ) | ဒေသခံလက်မှုပညာရပ်များ၊ အော်ဂဲနစ်အစားအစာထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၏ အရည်အသွေးပိုင်းဆိုင်ရာ တိုးတက်မှုအတွက် သင်တန်းများပေးရန်၊ |

ပါဝင်ဆောင်ရွက်ရန်ပုဂ္ဂိုလ်များ – **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန(ဗဟိုပြုဌာန)၊ သမဝါယမဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဗဟိုဌာန။**



## ရည်မှန်းချက်အမှတ်(၃) ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းစီမံကိန်းရေးဆွဲရေးနှင့်စီမံခန့်ခွဲရေး အားကောင်းစေရန်အတွက် အကာအကွယ်များ၊ နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများပွံ့ဖြိုးတိုးတက်စေရန်၊

(က) အကာအကွယ်များ၊ နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်တည်ထောင်ခြင်းသည် လူမှုအဖွဲ့အစည်း စီမံကိန်းနှင့်စီမံခန့်ခွဲမှု အတွက် မရှိမဖြစ် ဖြစ်သည်။

(ခ) အဓိကဦးတည်ချက်တွင် ရည်မှန်းချက်ပန်းတိုင်သို့ စုပေါင်းပါဝင်ချဉ်းကပ်မှုနှင့် လူမှုအဖွဲ့အစည်းခရီးသွားလုပ်ငန်း စီမံကိန်းတို့ကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ပါဝင်ပါသည်။ ဒေသခံမှီတင်းနေထိုင်သူများ၏ အမြင်သည် စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်တွင် ထင်ဟပ်နေရမည်ဖြစ်သည်။

(ဂ) ဤအချက်ကိုဆောင်ရွက်အောင်မြင်ရန် အတွက် လုပ်ကိုင်ရမည့် နည်းစဉ်များတွင်ရှေ့ပြေးစီမံကိန်းများပြုလုပ်၍ စူးစမ်းခြင်းနှင့် အခြားရည်မှန်းချက်များမှရရှိသည့် သင်ခန်းစာများပါဝင်သင့်ပါသည်။ ဒေသခံများနှင့်စတင်ခြင်း၊ ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုနှင့် အကျိုးအမြတ်ဖြန့်ဝေပေးခြင်းများအပေါ် အထူးအာရုံစိုက်၍ ဦးစားပေးသင့်ပါသည်။

(ဃ) ဒေသခံလူမှုအဖွဲ့အစည်းကို အသေးစိတ်အခြေအနေများအရ သတ်မှတ်ပေးရန်ဖြစ်သည်။ သို့သော် ကိစ္စရပ်တစ်ခုချင်းစီကို စဉ်းစားရာတွင် အဓိကအားဖြင့် အခြေချနေထိုင်သူများ ဝင်ရောက်မှု၊ အနီးဆုံးသို့ရောက်ရှိမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသည့်ဧရိယာ၊ မည်သူက ဧရိယာအတွင်းရှိ မြေနှင့် အခြားအရင်းအမြစ်များကို အသုံးချသည်၊ မည်သည့်နေရာတွင် CIT ကော်မတီကဲ့သို့တည်ဆဲအဖွဲ့အစည်းများကို ကိုယ်စားပြုသည် စသည်တို့ပါဝင်ပါသည်။ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ အနေနှင့် ဖုံးကွယ်ထားသောအစီအစဉ်များ (ဘာသာရေး နှင့် သာသနာပြုဦးတည်ချက်) မရှိကြောင်းသေချာစေရမည်ဖြစ်သည်။

(င) ထပ်မံ၍ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများအတွက် ဧည့်သည် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးကိုမြှင့်တင်သည့်စနစ်ဖွံ့ဖြိုးစေရန် ထောက်ခံပါသည်။ အထူးသဖြင့် အရေးပေါ်ကိစ္စများနှင့် အရေးပေါ်အခြေအနေအပေါ်စီမံခန့်ခွဲခြင်း၊ ခရီးသွားများအတွက် ရဲစခန်းများ ထူထောင်ခြင်း များပါဝင်ပြီး လူမှုအဖွဲ့အစည်းများ ပါဝင်သည့်ခရီးသွားလုပ်ငန်းကို ဥပဒေအရ အခွင့်အာဏာအပ်နှင်းသည့် အနေအထားရောက်ရှိစေရေးအားပေးရန်ဖြစ်သည်။

### ရည်မှန်းချက်အမှတ်(၃)နှင့် သက်ဆိုင်သည့် ဆောင်ရွက်ရန်အချက်များ

| | |
|---|---|
| (က) | စီမံကိန်းအဆိုပြုလွှာအပေါ်စိစစ်ရန်အချက် (**Check-list** ) ပုံစံကိုဖော်ထုတ်၍ ဆောင်ရွက်ခြင်းဖြင့် လူမှု အဖွဲ့အစည်းခရီးသွားလုပ်ငန်းစီးပွားရေး အဆိုပြုလွှာများကို အထောက်အကူပြုရန်၊ |
| (ခ) | ညအိပ်တည်းခိုခြင်းများအတွက် ကျေးရွာများ၏ B&B ဝန်ဆောင်မှုကို သတ်မှတ်စံချိန်စံညွှန်း အတိုင်းဆောင်ရွက်ရန် (နောက်ဆက်တွဲ-၂) |
| (ဂ) | ဒေသခံပြည်သူများလက်ခံသည့် အများပိုင်မြေပေါ်၌ လုပ်ကိုင်သည့်ခရီးသွားလုပ်ငန်းအတွက် အကာအကွယ် များအပါအဝင် လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအကာအကွယ်များ အားကောင်းလာစေရေး မူဝါဒ နှင့် လမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော်ရန် (နောက်ဆက်တွဲ-၃) |
| (ဃ) | ဧည့်သည်များ ကျေးလက်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာများသို့ လည်ပတ်စဉ်တွင် လူမှုရေးစံများအား နားလည်သဘောပေါက်စေရေးအတွက် လူမှုအဖွဲ့အစည်း/ကျေးလက်ဒေသအဆင့် ဆောင်ရန်၊ ရှောင်ရန် လမ်းညွှန်ချက် များကို ထုတ်ပြန်ပေးရန်၊ |
| (င) | ခရီးသွားလုပ်ငန်း လှုပ်ရှားမှုများနှင့် ဆက်စပ်၍ လူမှုအဖွဲ့အစည်းအဆင့်၌ ကလေးသူငယ်များ၊ အမျိုးသမီးများ နှင့် လူငယ်များအားကယ်တင်စောင့်ရှောက်သည့်အစီအစဉ်များ အကောင်အထည်ဖော်ရန်၊ |
| (စ) | ဒေသခံလူမှုအဖွဲ့အစည်းများသို့လည်ပတ်ရာတွင်လည်းကောင်း၊ ဆက်သွယ်လုပ်ကိုင်ရာတွင် လည်းကောင်း လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များကိုပြုစု ဖော်ထုတ်ရန် |
| (ဆ) | လူမှုအဖွဲ့အစည်းများ အတွင်းနားလည်မှုများ တိုးပွားစေရန်နှင့်ယဉ်ကျေးမှုပဋိပက္ခများအား ကာကွယ်ရန် ဒေသခံလူမှုအဖွဲ့အစည်းများအတွက် လက်စွဲစာအုပ်(သို့)ဆောင်ရန်၊ ရှောင်ရန် လမ်းညွှန်ချက်များထုတ်ပြန်ပေးရန်၊ |
| (ဇ) | ကလေးအလုပ်သမားနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ CIT ကိုအသုံးချ၍ လူကုန်ကူးခြင်းများအား ကာကွယ်တားဆီးရန်အတွက် သတိပြုမိစေမည့် အစီအစဉ်များ ဆောင်ရွက်ပေးရန်၊ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တောရိုင်း တိရစ္ဆာန်တရားမဝင် ကုန်သွယ်ခြင်းများအားရှာဖွေဖော်ထုတ်နိုင်ရန်အတွက် လမ်းညွှန်ချက်များကို ထုတ်ပြန်ရန်၊ |

ပါဝင်ဆောင်ရွက်ရန်ပုဂ္ဂိုလ်များ – **ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန (ဗဟိုပြဋ္ဌာန)၊ မြန်မာနိုင်ငံခရီး သွားလုပ်ငန်းအဖွဲ့ချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံလူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ။**

## ရည်မှန်းချက်အမှတ်(၄) အသေးစားနှင့်ဒေသခံစီးပွားရေးလုပ်ငန်းများအား ဒေသခံစီးပွားရေးစွမ်းဆောင်ရှင်များအဖြစ် တိုက်တွန်းအားပေးရန်

(က) လူမှုအဖွဲ့အစည်းများနှင့် ဒေသခံများ၏ ခရီးသွားလုပ်ငန်းလုပ်ကိုင်မှုဖွံ့ဖြိုးလာစေရေး အားပေးရန်၊ ဤသို့လုပ်ကိုင် သည့်ခရီးသွားလုပ်ငန်းများသည် တည်းခိုနေထိုင်ခြင်းဆိုင်ရာ အဆင့်သတ်မှတ်ချက်၊ မှတ်ပုံတင်ခြင်း စသည့် စည်းကမ်းများ အတိုင်းလိုက်နာဆောင်ရွက်ရန် ဖြစ်သည်။ (ဥပမာ- အဆိုပါ တည်းခိုနေထိုင်ခြင်းအမျိုးအစားများတွင် လူမှုအဖွဲ့အစည်းများ၏ စခန်းချရာနေရာများ (သို့) ကျေးရွာများ၏ B&Bဝန်ဆောင်မှုများ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ဆွဲဆောင်မှုများ၊ အစားအစာ နှင့် အဖျော်ယမကာ၊ အိမ်တွင်းလက်မှုအနုပညာလက်ရာများ၊ သယ်ယူပို့ဆောင်ရေး၊ ကျေးလက်ဧည့်လမ်းညွှန်များပါဝင် ပါသည်။)

(ခ) လူမှုအဖွဲ့အစည်းများနှင့် ဒေသခံတစ်ဦးချင်းစီတို့လုပ်ကိုင်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ကြော်ငြာခြင်းများကို ကူညီပံ့ပိုးရန် အဘယ်ကြောင့်ဆိုသော် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ကျွမ်းကျင်မှုအားနည်းခြင်းမှာ ၎င်းတို့၏အဓိကကန့်သတ်မှုတစ်ခုဖြစ်ခြင်းကြောင့် ဖြစ်သည်။ ရင်းနှီးမြုပ်နှံမှုမက်လုံးများ စီစဉ်ဖန်တီးပေးခြင်း၊ အတိုးနှုန်းချေးငွေများနှင့်နည်းပညာဆိုင်ရာ အကြံဉာဏ်များကိုတရားမဝင်သေးသည့် ခရီးသွားလုပ်ငန်းများအား ပေးခြင်းဖြင့် သီးခြားလွတ်လပ်သောကဏ္ဍများ၊ တရားဝင်ကဏ္ဍများ၊ ဘဏ်လုပ်ငန်းများ၊ အစိုးရ၊ စေတနာ့ဝန်ထမ်းများနှင့် အလှူရှင်အဖွဲ့အစည်းများအကြားရှိ ဆက်သွယ်မှုများကို အဆင်ပြေချောမွေ့စေရန်ဆောင်ရွက်ရပါမည်။

(ဂ) တရားဝင်ခရီးသွားလုပ်ငန်းကဏ္ဍအားဒေသခံလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ရေးအားပေးရန်နှင့် ဤ အချက်သည်လူမှုစီးပွားတာဝန် ဝတ္တရားများဖြစ်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးရေးဦးတည်ချက်များဖြစ်သည့် တရားမျှတမှုတိုးတက်ကောင်းမွန်ရေး၊ ဆင်ရဲမွဲတေမှုများလျော့ချရေးနှင့်စဉ်ဆက်မပြတ်ကြီးပွားတိုးတက်ရေးတို့ကို ဦးတည်မျှဝေ ပေးလျက်ရှိကြောင်းကို အသိအမှတ်ပြုရန်။

(ဃ) အစုအစပ်လုပ်ငန်းအတွက် မက်လုံးပေးခြင်း၊ ဦးစားပေးခြင်းများနှင့်/သို့မဟုတ် ဒေသခံလူမှုအဖွဲ့အစည်းများ၏ အစပျိုးစီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းကဏ္ဍအကြား နိုင်ငံတော်အခွန်ဘဏ္ဍာငွေကို အခွန်ဥပဒေနှင့်ငွေကြေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အတိုင်းဖက်စပ်မျှဝေကျခံရန်၊ ၎င်းတို့အနေနှင့် အခွန်ငွေမျှဝေကျခံ၍ ဖက်စပ် ပေးဆောင်ခြင်းအား အားမပေးပါကဖြစ်နိုင်သည့်နေရာများတွင် မက်လုံးပေး၍ဆွဲဆောင်ရန်၊

### ရည်မှန်းချက်အမှတ်(၄)နှင့် သက်ဆိုင်သော ဆောင်ရွက်ရန်အချက်များ

| | |
|---|---|
| (က) | လိုင်စင်ထုတ်ပေးရေး အနိမ့်ဆုံးလိုအပ်ချက်များအားပြုစုရန်၊ အသေးစားနှင့်အငယ်စားခရီးသွားလုပ်ငန်းများအတွက် (တည်းခိုနေထိုင်ရေး၊ ဆွဲဆောင်မှု၊ အစားအစာနှင့်အဖျော်ယမကာ၊ ဈေးဝယ်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ခရီးစဉ်များ၊ ပွဲစဉ်အခမ်းအနားများ၊ စူးစမ်းစွန့်စားရသောကဏ္ဍငယ်များဆိုင်ရာ) လုပ်ထုံးလုပ်နည်းများကို လိုက်နာစေရန် ।<br>- မြို့ပြနှင့် ကျေးလက်အဆင့်တွင် B&B အထူး လိုင်စင်ထုတ်ပေးရန်၊ B&B ဝန်ဆောင်မှုဆိုသည်မှာ ခရီးသွားဧည့်သည်များတည်းခိုရန် ငှားရမ်းနိုင်သည့် အနည်းဆုံး အိပ်ခန်း(၄)ခန်း (သို့) ကုတင်(၈)လုံးပါဝင်သည့် အဆောက်အဦးကိုဆိုလိုသည်။ နံနက်ခင်းစာကို B&B ပိုင်ရှင်ဖြစ်သူ လူမှုအဖွဲ့အစည်းဝင်မှ စီစဉ်ပေးရမည်။ လိုအပ်ပါက နေ့လည်စာနှင့်ညနေစာတို့ကိုပါ စီစဉ်ပေးနိုင်ရမည်ဖြစ်သည်။<br>- လည်ပတ်နိုင်သောဆွဲဆောင်မှုများ<br>- စားသောက်ဆိုင်များ<br>- အိမ်တွင်းလက်မှုပညာထုတ်ကုန်များ<br>- ဒေသသုံးသယ်ယူပို့ဆောင်ရေး(ဥပမာ- စက်တပ်ယာဥ်မဟုတ်သည့် မြင်းလှည်း၊ ဆိုက်ကားစသည်) |
| (ခ) | အစပြု စီးပွားရေးလုပ်ငန်းများအား ကူညီရန်၊ ပြင်ပထောက်ပံ့ငွေဖြင့် (ခရီးသွားလုပ်ငန်းဖွဲ့စည်းတည်ဆောက်ပုံ အသေးစိတ်၊ အဆက်အသွယ်များနှင့်ဈေးကွက်အကဲဖြတ်ချက်များပါဝင်သော) သင်ကြားပြသပေးရေးအစီအစဉ်ကို ပြုလုပ်ရန် |
| (ဂ) | ဒေသခံလူမှုအဖွဲ့အစည်းများနှင့် အစုအစပ်လုပ်ကိုင်ရေးကို အားပေးရန်အတွက် ထုတ်ကုန်၏တန်ဖိုးတက်မှု နှင့် ဈေးကွက်မြှင့်တင်ရေးအကျိုးကျေးဇူးများကို ခွဲခြားဖော်ထုတ်ရန်၊ ဤအကြောင်းအရာနှင့်ဆက်စပ်၍ မြှင့်တင်ကြော်ငြာခြင်းနှင့် ထုတ်ကုန်အရည်အသွေးမှာ သေချာရန်လိုအပ်ပါသည်။ |

ပါဝင်ဆောင်ရွက်ရန်ပုဂ္ဂိုလ်များ – **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန(ဗဟိုပြဌာန)၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်၊ သမဝါယမဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဗဟိုဌာန။**

## ရည်မှန်းချက်အမှတ်(၅) လူမှုအဖွဲ့အစည်းအဆင့်တွင် ထုတ်ကုန်နှင့်ဝန်ဆောင်မှုအရည်အသွေးများကို အမျိုးအစားကွဲပြား၍ ပွံ့ဖြိုးတိုးတက်စေရန်

(က) ရည်မှန်းချက်အမှတ်(၅)သည် ကွဲပြားခြားနားသော ထုတ်ကုန်နှင့်ဝန်ဆောင်မှု အမျိုးမျိုးတို့၏အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင်အခြေပြုပါသည်။

(ခ) အဓိကဦးတည်ပစ်မှတ်များတွင် ပါဝင်သည့်အချက်များမှာ ကျေးရွာ B&B ၌ ညအိပ်တည်းခိုခြင်းအပါအဝင် ဈေးကွက်၏ လိုအပ်ချက်နှင့် မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် (ဒေသအခြေအနေနှင့် ကောင်းစွာ အံဝင်ဂွင်ကျ ဖြစ်သည့်) ထုတ်ကုန်ပစ္စည်းဖွံ့ဖြိုးရေး မဟာဗျူဟာများကိုရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်၊ ဒေသခံ ပြည်သူများအား အကျိုးဖြစ်ထွန်းစေမည့် ကာကွယ်ထားသည့် ဧရိယာနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ခရီးသွားလုပ်ငန်းမှ ဆင်းရဲသူများအတွက် အလားအလာကောင်းများ ဖြစ်ထွန်းမှုကို မြှင့်တင်ပေးရန်၊ ထုတ်ကုန်ထောက်ပံ့ရေး အချိတ်အဆက်၊ အဆက်အသွယ်များ အားကောင်းလာစေရန်၊ ထုတ်ကုန်နှင့် ဝန်ဆောင်မှု အရည်အသွေးတိုးတက်စေရန်၊ ပါဝင်လုပ်ကိုင်သူများ၏ အစုအစပ်လုပ်ငန်းများ ဖြစ်ပေါ်လာစေရန်၊

## ရည်မှန်းချက်အမှတ်(၅)နှင့်သက်ဆိုင်သည့် ဆောင်ရွက်ရန်အချက်များ

(က) ဝယ်လိုအားနှင့်ရောင်းလိုအား အခွင့်အလမ်းများ၊ ဒေသခံခရီးသွားလုပ်ငန်း၏ ပိုင်ဆိုင်မှုများနှင့်ပါဝင် လုပ်ကိုင်သူများ၏ ဖြစ်နိုင်ချေရှိသောပဋိပက္ခများကို ဦးစားပေးသည့်လူမှုအဖွဲ့အစည်းခရီးသွားလုပ်ငန်းစီမံကိန်း ပေါ်ထွန်းစေရန်။

(ခ) လူမှုအဖွဲ့အစည်းမှ ခရီးသွားလုပ်ငန်းဝင်ငွေယိုပေါက်များကို လျော့နည်းစေရန်၊ စီးပွားရေးအချိတ်အဆက်များဖွံ့ဖြိုးစေ ရေး အားပေးမြှင့်တင်ရန်၊

(ဂ) တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆွဲဆောင်မှုများနှင့်ဖျော်ဖြေတင်ဆက်မှုများ၊ ဧည့်ခံကျွေးမွေးမှုများ၊ လက်မှုအနုပညာလက်ရာများနှင့်ဧည့်လမ်းညွှန် ဝန်ဆောင်မှုများ၏ အရည်အသွေး၊ စံချိန်စံညွှန်းဖွံ့ဖြိုးစေရန်နှင့် မြှင့်တင်ရန်၊

(ဃ) ဒေသနေပြည်သူများ၏ ရှင်သန်မှုနည်းလမ်းများကို ထင်ဟပ်သည့်စစ်မှန်သောထုတ်ကုန်များ(ဥပမာ-အနုပညာ၊ လက်မှုလက်ရာများ၊ ဇာတ်လမ်းများ၊ ရိုးရာအကများ၊ ပွဲတော်များ၊ လူမှုရေးအခမ်းအနားများ) ဖြစ်ထွန်းတိုးတက်စေရေး အားပေးရန်၊ တစ်ချိန်တည်းမှာပင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိုလည်းအာရုံစိုက်ရန် (ဥပမာ- ငှက်ကြည့်ခြင်း) နှင့် အပြန်အလှန်နားလည်မှု၊ တန်ဖိုးထားအသိအမှတ်ပြုမှုများကို ပေးဝေရန်၊ ထို့အပြင် ထုတ်ကုန်များထုတ်လုပ်ခြင်းကို ကျေးရွာနေသူများကဆုံးဖြတ်ရန်၊ ၄င်းတို့သည် ထုတ်ကုန်ပြုလုပ်ခြင်းအပေါ် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ အကြံဉာဏ်များရယူဆောင်ရွက်ရန်နှင့် အရည်အသွေးစံချိန်စံညွှန်းများကို ထိန်းသိမ်းရန်။

(င) ခရီးသွားလုပ်ငန်းထုတ်ကုန်များနှင့်အသက်မွေးဝမ်းကြောင်းမှုများ တန်ဖိုးတက်စေရန်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓါတ်အား၊ ရေ၊ အညစ်အကြေးစွန့်ပစ်စနစ်၊ ဆက်သွယ်ရေးစနစ် စသည့် အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးကူညီရန်။

ပါဝင်ဆောင်ရွက်ရန် ပုဂ္ဂိုလ်များ - ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန (ဗဟိုပြုဌာန)၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ သမဝါယမဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၊ အသေးစားနှင့်အလတ်စား လုပ်ငန်းများဗဟိုဌာန၊ ဒေသခံ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံလူမှုအဖွဲ့အစည်းများ။




ရည်မှန်းချက်အမှတ်(၆) ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ခြင်း၏ အပြုသဘောဆောင် သက်ရောက်မှုနှင့် အကျိုးမပြုသော သက်ရောက်မှုများကို စောင့်ကြည့်ရန်၊

(က) ရည်မှန်းချက်အမှတ်(၆)သည် ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့် လူမှုအဖွဲ့အစည်းလှုပ်ရှားမှုများ၏ အချက် အလက် စနစ်များ၊ အကျိုးအမြတ်ကို တိုင်းတာသည့်နည်းစနစ်များ အားကောင်းလာစေရေးအပေါ် အာရုံစိုက်ပါသည်။

(ခ) CIT စီမံကိန်းများ၏ ဆောင်ရွက်ချက်နှင့် သက်ရောက်မှုများအပေါ် အချိန်မှန်နှင့် စနစ်တကျအကဲဖြတ်ခြင်းသည် အောင်မြင်မှုညွှန်းကိန်းများနှင့် စိန်ခေါ်မှုများကို ခွဲခြားဖော်ထုတ်ရာတွင် အကူအညီပြုသည့်အပြင် လိုအပ်သည့်ပြုပြင်မှုများ အကောင်အထည်ဖော်ရန် ထောက်ပံ့ပေးပါသည်။

## ရည်မှန်းချက်အမှတ်(၆) နှင့်သက်ဆိုင်သည့်ဆောင်ရွက်ရန်အချက်များ

(က) လူမှုအဖွဲ့အစည်းများပါဝင်ပတ်သက်မှုကို စောင့်ကြည့်သည့် မူဘောင်အားတည်ဆောက်ရန်၊ ၄င်းမူဘောင်သည် ငွေကြေးအကျိုးအမြတ်များကိုသာမက အခြားအကျိုးကျေးဇူးများနှင့် (ပတ်ဝန်းကျင် ထိန်းသိမ်း ရေးဆိုင်ရာပြဿနာများစသည့်) ဆန့်ကျင်ဘက်သက်ရောက်မှုများ ကိုပါတိုင်းတာနိုင်ပါသည်။

(ခ) ကာကွယ်ခြင်းနှင့်အမှားပြုပြင်ခြင်းများဖြင့် ဆန့်ကျင်ဖက် သက်ရောက်မှုများအား လျှော့ချနေချိန်တွင် အပြုသဘော ဆောင် သက်ရောက်မှုများအား မည်သို့မြှင့်တင်ဆောင်ရွက်နိုင်သည်ကို ချင့်ချိန်ဆုံးဖြတ်ရန်၊

(ဂ) CIT လုပ်ကိုင်သူများထံတိုးတက်မှုနှင့် စိန်ခေါ်မှုများကို အစီရင်ခံနိုင်ရေးအတွက် ထိရောက်သည့် ဆက်သွယ်ရေး နှင့်သတင်းအချက်အလက်စနစ်နှင့် နည်းလမ်းများကိုတည်ထောင်ရန်၊

ပါဝင်ဆောင်ရွက်ရန်ပုဂ္ဂိုလ်များ - ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန(ဗဟိုပြုဌာန)၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ တက္ကသိုလ်များ၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီများ၊ အစိုးရမဟုတ်သောနိုင်ငံတကာ အဖွဲ့အစည်းများ။

# အခန်း(ဂ) ခရီးသွားလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်သူများ၏ပတ်သက်မှု

အလုပ်လုပ်နိုင်သည့်စွမ်းရည်နှင့် အသက်မွေးဝမ်းကြောင်းအရည်အချင်း၊ ပါဝင်လုပ်ကိုင်သူများ၏ အမြင်များနှင့် ရလဒ် အခြေပြုဆောင်ရွက်ချက်တို့ကိုအတူတကွ ဆောင်ယူနိုင်မှုတို့အပေါ်မူတည်၍ အောင်မြင်ခြင်းနှင့်ကျဆုံးခြင်းတို့သည် တာဝန်သိသော ခရီးသွားလုပ်ငန်းဆီသို့သာမက မြန်မာနိုင်ငံတွင် ဒေသခံလူမှုအဖွဲ့အစည်းများ ပေါင်းစည်းမှုဆီသို့ပါ ဦးတည်ရွေ့လျားပါသည်။ မြန်မာနိုင်ငံတွင် လူမှုအဖွဲ့အစည်းပတ်သက်မှု၌ပါဝင်သည့် ဒေသခံခရီးသွားလုပ်ငန်းရှင်အားလုံး၏ ကူညီမှု၊ ကတိပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက်မရှိမဖြစ်လိုအပ်ပါသည်။ လူမှုအဖွဲ့အစည်းအတွင်း မည်သူသည်ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရန်အလားအလာရှိသည်၊ ၎င်းတို့၏ မည်သည့် စိတ်ဝင်စားမှုများသည် သင့်လျော်သည့် ချိတ်ဆက်လုပ်ကိုင်မှုနည်းလမ်းများဖွံ့ဖြိုးမှုတွင် အရေးပါသည်တို့ကိုခွဲခြားသိမြင်၍ နားလည်ရမည်ဖြစ်သည်။

**အစိုးရ၏ အခန်းကဏ္ဍ–အမျိုးသားအစိုးရ**

(က) အမျိုးသားအဆင့်တွင် အစိုးရကဏ္ဍသည် "မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ရေး" မူဝါဒ နှင့်ပတ်သက်၍ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များနေရာတကျဖြစ်ရေး၊ ထိရောက်မှုရှိရေးနှင့် ပါဝင်ဆောင်ရွက်ရေးတို့ကို သေချာအောင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

(ခ) ဤအချက်တွင်ခရီးသွားလုပ်ငန်း၌အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ စသည့် လူမှုအဖွဲ့အစည်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက်သင့်လျော်သည့် မူဘောင်များကိုပြင်ဆင်ခြင်း၊ လေ့ကျင့်သင်ကြား ခွင့်များ (အထူးသဖြင့် ဒေသခံအကြံပေးများ၊ အစိုးရအုပ်ချုပ်ရေးအဖွဲ့များ၊ ပုဂ္ဂလိက ကဏ္ဍ အသေးစား နှင့်အလတ်စား လုပ်ငန်းများနှင့် လူမှုအဖွဲ့အစည်းများအတွက်) လိုင်စင်ထုတ်ပေးခြင်း၊ စံနှုန်းစနစ်များကို အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ လူမှုအဖွဲ့အစည်းနှင့်ဆက်နွယ်သည့် ခရီးသွားလုပ်ငန်းများ၏ ဈေးကွက်ရှာဖွေခြင်းများပါဝင်ပါသည်။

(ဂ) ယေဘုယျအားဖြင့် အမျိုးသားအဆင့်တွင် အစိုးရကဏ္ဍသည် တရားဝင်စည်းကမ်းများထုတ်ပြန်၍ ထိန်းသိမ်းရန် နှင့် ဤလုပ်ငန်းစဉ်အားအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန်တာဝန်ရှိပါသည်။

**ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၏ အခန်းကဏ္ဍ**

ဒေသခံအုပ်ချုပ်ရေးအဖွဲ့များတွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသအတွင်း အုပ်ချုပ်ရေးအဖွဲ့များ ပါဝင်ပြီး ဒေသအတွင်း ရည်ရွယ်ထားသည့်လှုပ်ရှားမှုများကို ဆောင်ရွက်ရန် အဓိကကဏ္ဍမှ ပါဝင်ပါသည်။









(ခ) မြန်မာနိုင်ငံတွင် ဒေသအုပ်ချုပ်ရေးအဖွဲ့များသည် ပတ်ဝန်းကျင်ထိန်းထိမ်းရေးနှင့် မြေအသုံးချရေးစီမံကိန်းရေး ဆွဲရန်၊ ကျေးလက်ဒေသ အစပြုဖွံ့ဖြိုးရေးများတွင် ဦးဆောင်ကဏ္ဍ၌ဆောင်ရွက်ရန်တာဝန်ရှိပါသည်။ ဤနေရာတွင် အမျိုးသား အဆင့်မူဘောင်များနှင့် အညီဒေသခံလူမှုအဖွဲ့အစည်းများ အဆင်ပြေစွာ ပါဝင်ဆောင်ရွက်ရေးနှင့် လိုင်စင်ထုတ်ပေးရေး တို့ပါဝင်ပါသည်။

(ဂ) ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၏ အဓိကတာဝန်မှာ အမျိုးသား မူဝါဒရည်ရွယ်ချက်များနှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ဒေသခံများမှ လက်ခံစေရန်နှင့် ဒေသခံခရီးသွားလုပ်ငန်းရှင်များကို ဦးတည်၍ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်ရန်တာဝန်ရှိပါသည်။

## ပုဂ္ဂလိက၏ အခန်းကဏ္ဍ

(က) ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကဏ္ဍသည် လူမှုအဖွဲ့အစည်းများခရီးသွားလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်မှု အပါအဝင် မြန်မာနိုင်ငံ၏တာဝန်သိသော ခရီးသွား လုပ်ငန်းမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြယာဉ်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းမှတဆင့် စီးပွားရေးဖွံ့ဖြိုးတက်မှုသည် ရေရှည်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကိုပေးနိုင်သည် ဆိုသည့်အချက်ကို ပုဂ္ဂလိက ကဏ္ဍမှသေချာမှုရှိစေရေးဆောင်ရွက်ရန်လိုအပ်ပါသည်။

(ခ) ပုဂ္ဂလိက ကဏ္ဍခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် ဒေသခံလူမှုအဖွဲ့အစည်းများ ပါဝင်ပူးပေါင်းရန် လိုအပ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍနှင့် ဒေသခံလူမှုအဖွဲ့အစည်းများအကြား ဖက်စပ်လုပ်ငန်းများဆောင်ရွက်ရန်ထောက်ခံပါသည်။

## လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

(က) လူမှုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် တာဝန်သိသောခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိက ကျသော အခန်းကမှပါဝင်ပါသည်။ ၄င်းတို့သည် အထူးသဖြင့် ဆင်းရဲနွမ်းပါးသောကျေးလက်ဒေသ လူမှုအဖွဲ့အစည်းသည် ခရီးသွားလုပ်ငန်း၏ အကျိုးကို အဓိကခံစားရသူများဖြစ်လာရပါမည်။ ထို့အပြင်၄င်းတို့သည် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ များနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ ရင်းနှီးမြှုပ်နှံမှုများ တွင်နီးကပ်စွာ ပေါင်းစပ်လုပ်ကိုင်ကြရမည်ဖြစ်ပါသည်။

(ခ) လူမှုအဖွဲ့အစည်းများသည် ၄င်းတို့ဒေသ၏ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ယဉ်ကျေးမှု များအပေါ် တက်ကြွစွာပါဝင်ဆောင်ရွက်ရမည့်အပြင် ဆန့်ကျင်ဖက်ရလဒ် အပါအဝင် အပြုသဘောဆောင် ရလဒ်ကိုပါ သတိပြုကြရမည် ဖြစ်သည်။ ၄င်းတို့သည် ဒေသ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ပေါင်းစပ်ဆောင်ရွက်မှုများ နှင့် ပါဝင်ဆောင်ရွက်ခြင်းများကို ဖြစ်နိုင်သမျှ ရှာဖွေ၍ တောင်းဆိုကြရမည်ဖြစ်သည်။ တစ်ဦးချင်း အနေနှင့်လည်း ခရီးသွားလုပ်ငန်းရှင်များအဖြစ်နှင့် ပုဂ္ဂလိက ကဏ္ဍ၏တာဝန်ဝတ္တရားများကို တာဝန်ယူဆောင်ရွက်သွား ကြရမည်ဖြစ်ပါသည်။

## အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လူမှု အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

(က) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုအသင်းအဖွဲ့များ၊အထူးဖြင့်ဒေသခံနှင့် လူမှုအဖွဲ့အစည်းအခြေခံအသင်း အဖွဲ့များသည် ဒေသခံအဖွဲ့အစည်းများ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကဏ္ဍကို တိုက်တွန်းအားပေးရန် မျှော်လင့်ရပေသည်။

(ခ) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် လူမှုအဖွဲ့အစည်းအခြေခံခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် လူမှုအဖွဲ့အစည်းများ အကြားခရီးသွားလုပ်ငန်းမှသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး အစီအစဉ်များ ပါဝင်သည့်ခရီးသွားလုပ်ငန်း စီမံကိန်းများကို အကောင်အထည်ဖော်ရန်အထိ ၄င်းတို့အနေနှင့် ပြင်ဆင်မှုများကို ကူညီပေးသွားနိုင်ရန်လိုအပ်ပါသည်။

(ဂ) ၄င်းတို့သည် ပုဂ္ဂလိက နှင့်အစိုးရကဏ္ဍအကြား ဖြန်ဖြေပေးသူများအဖြစ် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့အပြင် လူမှုရေးအသင်းအဖွဲ့များသည် ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများပို မိုပါဝင်ဆောင်ရွက်စေရန်နှင့် လူမှုအဖွဲ့အစည်း များခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခြင်းအတွက် ကတိကဝတ်ပြုမှုများအပေါ် စောင့်ကြည့်ရန်၊ စိစစ်သုံးသပ်ရန် တာဝန်ရှိပါသည်။

## အမျိုးသမီးများ၏ အခန်းကဏ္ဍ

(က) အမျိုးသမီးများ အထူးသဖြင့် ကျေးလက်ဒေသမှ အမျိုးသမီးများသည် မိသားစုနှင့် လူမှုအဖွဲ့အစည်းများအတွက် လူမှုစီးပွားအခွင့်အလမ်း များဖော်ထုတ်ရေးနှင့် စီမံခန့်ခွဲရေးတွင် အရေးပါသော အစိတ်အပိုင်းမှပါဝင်ပါသည်။

(ခ) အမျိုးသမီးများအတွက် အလုပ်လုပ်ကိုင်ခွင့်များ တိုးပွားလာစေခြင်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု၏ သက်ရောက်မှု ကိုသိမြင်စေသည့် အခြေခံကျသော အဆုံးအဖြတ်တစ်ခုပင်ဖြစ်သည်။ တစ်ခါတစ်ရံ အမျိုးသမီးများသည် အမျိုးသားလုပ်သား များထက် လုပ်ခပိုသက်သာသော်လည်း ကြာရှည်မလုပ်နိုင်ခြင်း၊ မီးဖွားခွင့်ခံစားရခြင်း၊ အသက်မွေးမှုအတတ်ပညာအပေါ် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းမရှိခြင်းများကို မြင်တွေ့ရပါသည်။

(ဂ) လက်မှုပညာသည်နှင့် လက်မှုပညာသင်တန်းများ (သို့) အမျိုးသမီးများ၏ ကျွမ်းကျင်မှုကို တိုးပွားစေသည့် အခြား ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများစသည့် ပညာရေးအစီအစဉ်များသည် မိသားစုများ၏ လူမှုစီးပွားအခြေအနေများနှင့် လူမှုအဖွဲ့အစည်း၏ ဘဝတို့ကို အတော်အတန်တိုးမြင့်စေပါသည်။ CIT သည် အမျိုးသမီးများ၏ အလုပ်အကိုင်အခြေအနေများ ညီမျှမှုကိုသေချာစေပါသည်။

## နိုင်ငံတကာနှင့်ပြည်တွင်းခရီးသွားဧည့်သည် များ၏ အခန်းကဏ္ဍ

(က) နိုင်ငံတကာနှင့်ပြည်တွင်းခရီးသွားဧည်သည့် များသည် ဒေသခံယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဓလေ့ထုံးစံများကို လေးစားသမှုပြုကြောင်းပြသ၍ တာဝန်သိသောနည်းလမ်းများဖြင့် ခရီးသွားကြရမည်ဖြစ်သည်။ ၄င်းတို့သည် ဒေသခံတို့၏ အသက်မွေးမှုများ (ဥပမာ–ဒေသထွက် ပစ္စည်းများကိုဝယ်ယူအားပေးခြင်း (သို့) အနည်းဆုံးလေးပတ်ကြာခန့် လုပ်အားပေးခြင်း ဖြင့် ပံ့ပိုးပေးခြင်း)ကို အဓိပ္ပါယ်ရှိစွာကူညီပေးခြင်းအားဖြင့် ဒေသခံလူမှုအဖွဲ့အစည်းများထံ လည်ပတ်ခြင်းကို အားပေးရပါမည်။

(ခ) ဧည့်သည်များသည် ဒေသခံဧည့်လမ်းညွှန် (သို့) ဒေသခံအသင်းအဖွဲ့များ၏ အကြံပြုချက်မရှိဘဲ ဒေသခံများအား ငွေကြေး၊ သကြားလုံး၊ အဝတ်အစားများ တိုက်ရိုက်လှူဒါန်းခြင်းကို မပြုလုပ်ရန် ဖြစ်သည်။ ဒေသခံလူမှုအဖွဲ့အစည်းဝင်များ အကြား အလှူငွေများကိုမျှတစွာ ခွဲဝေပေးနိုင်သည့် စွမ်းဆောင်ရည်ရှိသော တရားဝင်မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများ ထံသို့သာငွေကြေးလှူဒါန်းရန် ထောက်ခံပါသည်။ သို့မှသာအမှန်တကယ် လိုအပ်နေသူထံ ရောက်ရှိမည်ဖြစ်ပါသည်။



# အခန်း(၉) ဒေသခံလူမှုအဖွဲ့အစည်းများ၏ ခရီးသွားလုပ်ငန်းဆောင်ရွက်ချက်များအတွက် စံချိန်စံညွှန်းနှင့်လိုအပ်ချက်များ

B&B ဝန်ဆောင်မှုနှင့် CIT အစီအစဉ်များအတွက် စံချိန်စံညွှန်းများကို သတ်မှတ်ပေးရမည်။ CIT စီမံကိန်းကို အကောင်အထည်ဖော်ရန် စီစဉ်ထားသည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီများသည် စီမံကိန်းအဆိုပြုလွှာ/အကျဉ်းချုပ်ကို ဦးစွာ (၁)ဒေသခံလူမှုအဖွဲ့အစည်းသို့တင်ရမည်။ ဒေသခံလူမှု အဖွဲ့အစည်းထံမှ စာဖြင့်ရေးသားထားသည့် ထောက်ခံစာကို လက်ခံရရှိပြီးနောက် (၂) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရမှ စီမံကိန်းအားသဘောတူရန်လိုအပ်ပြီး ဆက်လက်၍ (၃) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက အတည်ပြုပေးရန်ဖြစ်ပါသည်။ ထိုမှတဆင့် (၄) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) (၅)သမ္မတရုံး (၆)နိုင်ငံခြားရေးရာမူဝါဒ ကော်မတီ FAPC နှင့်နောက်ဆုံးအစိုးရအဖွဲ့ရုံးတို့ထံ အဆင့်ဆင့်တင်ပြရပါသည်။ အကယ်၍ စီမံကိန်းအဆိုပြုလွှာမှာ လိုအပ်ချက်အချို့ကြောင့်ပြည့်စုံခြင်းမရှိပါက (ဥပမာ-ဂေဟာစနစ်၊ လူမှုယဉ်ကျေးမှု၊ စီးပွားရေးနှင့် အသင်းအဖွဲ့ဆိုင်ရာ စံသတ်မှတ်ချက်များမပြည့်စုံပါက) အစိုးရအနေနှင့် အကောင်အထည် ဖော်ရန် ခွင့်ပြုချက်ပေးမည်မဟုတ်ပါ။

လူမှုအဖွဲ့အစည်းအဆင့် **CIT** စီမံကိန်းအတွက် ခွင့်ပြုချက်

| | |
|---|---|
| လူမှုအဖွဲ့အစည်း | - ဖွံ့ဖြိုးရေးအေဂျင်စီ (သို့)ပုဂ္ဂလိက အစုရှယ်ယာရှင်များက အဆိုပြုစီမံကိန်းအသေးစိတ်ကို လူမှုအဖွဲ့အစည်းအားရှင်းပြရမည်။<br>- ဒေသခံ လူမှုအဖွဲ့အစည်းသည် CIT စီမံကိန်းအား သဘောတူကြောင်းကို စာဖြင့် ရေးသား ထုတ်ပေးရမည်။ (သို့မဟုတ် ငြင်းပယ်နိုင်သည်။) |
| ဒေသခံအစိုးရ / ပြည်နယ်အုပ်ချုပ်ရေး | - လူမှုအဖွဲ့အစည်းနှင့်ဖွံ့ဖြိုးရေးအေဂျင်စီ (သို့) ပုဂ္ဂလိကအစုရှယ်ယာရှင်များသည် အဆိုပြု စီမံကိန်းကို ပြည်နယ်အစိုးရ နှင့်/သို့မဟုတ် ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းထံတင်ပြရမည်။ သဘောတူကြောင်းစာဖြင့်ရေးသားထုတ်ပေးရမည်။ (သို့မဟုတ် ငြင်းပယ်နိုင်သည်။) |
| ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန | - သဘောတူညီချက် အထောက်အထားများနှင့်အတူ အဆိုပြုစီမံကိန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ တင်ပြရမည်။<br>- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် သဘောတူညီချက်ကို ထုတ်ပေးရမည်။ (သို့မဟုတ် ငြင်းပယ်နိုင်သည်။) |
| မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်(MIC) | - သဘောတူညီချက်အထောက်အထားများနှင့်အတူ အဆိုပြုစီမံကိန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ထံသို့တင်ပြရမည်။<br>- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)သည် သဘောတူညီချက်ကို ထုတ်ပေးရမည်။ (သို့မဟုတ် ငြင်းပယ်နိုင်သည်။) |
| နိုင်ငံတော်သမ္မတရုံး | - သဘောတူညီချက် အထောက်အထားများနှင့်အတူ အဆိုပြုစီမံကိန်းကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရမည်။<br>- နိုင်ငံတော်သမ္မတရုံးသည် သဘောတူညီချက်ကို ထုတ်ပေးရမည်။ (သို့မဟုတ် ငြင်းပယ်နိုင်သည်။) |
| နိုင်ငံခြားရေးရာ မူဝါဒ ကော်မတီ | - အကယ်၍ လျှောက်လွှာရှင်သည် နိုင်ငံခြားသား(သို့)နိုင်ငံခြားအဖွဲ့အစည်းဖြစ်ပါကသဘောတူညီချက် အထောက်အထားများနှင့်အတူ အဆိုပြုစီမံကိန်းကို နိုင်ငံခြားရေးရာမူဝါကော်မတီ (FAPC) ထံတင်ပြရမည်။<br>- နိုင်ငံခြားရေးရာမူဝါဒကော်မတီ (FAPC)သည် သဘောတူညီချက်ကို ထုတ်ပေးရမည်။ (သို့မဟုတ် ငြင်းပယ်နိုင်သည်။) |
| အစိုးရ/ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန | - သဘောတူညီချက်အထောက်အထားအားလုံး ပါဝင်သည့်အဆိုပြုစီမံကိန်းကို အစိုးရ အဖွဲ့ထံတင်ပြရမည်။<br>- အစိုးရအဖွဲ့သည် ခွင့်ပြုချက်ပေးရမည်။ (သို့မဟုတ် ငြင်းပယ်နိုင်သည်။)<br>- အဆိုပါ ဆုံးဖြတ်ချက်ကို ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဖွံ့ဖြိုးရေးအေဂျင်စီ နှင့်/သို့မဟုတ် ပုဂ္ဂလိကအစုရှယ်ယာရှင်များနှင့် လူမှုအဖွဲ့အစည်းထံ အကြောင်းပြန်ကြားရမည်။ |

# အခန်း(၁၀) ကြီးကြပ်ခြင်းနှင့် စိစစ်ပြင်ဆင်ခြင်း

"မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ရေး" မူဝါဒအပေါ် ကြီးကြပ်ရမည့် တာဝန်မှာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ တာဝန်ဖြစ်သည်။ ထို့အပြင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည်မူဝါဒအား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံမည့်တိုးတက်မှုနှင့် စိန်ခေါ်မှုများ အပေါ်မူဝါဒအထောက် အထားများနှင့် အစီရင်ခံစာများအရ ထင်မြင်သုံးသပ်ချက်များနှင့် အကြံပြုချက်များကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးသွား ရမည်ဖြစ်ပါသည်။
အစီရင်ခံစာအား ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ခရီးသွားလုပ်ငန်းတွင်ပါဝင်ဆောင် ရွက်နေသော ပုဂ္ဂိုလ်များထံသို့ ဖြန့်ဝေပေးရမည်။

"မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ရေး" မူဝါဒသည် "ရှင်သန်နေသော မှတ်တမ်းအထောက်အထား" တစ်ခုဖြစ်ပြီး ရည်ရွယ်ချက်များ၊ အဓိကအယူအဆများ နှင့်ဆောင်ရွက်ရန် အချက်များသည် "ကျောက်တုံးတွင်ခပ်နှိပ်" ထားသကဲ့သို့ အသေသတ်မှတ်ထားခြင်းမျိုး မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်နှင့်အတူ အချိန်ကိုက်လိုက်ဖက်ညီစွာ ပြုပြင်ဖြည့်စွက်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ မှတ်တမ်းအထောက်အထားများအားပြန်လှန်သုံးသပ်ခြင်းကို အစဉ်ပြုလုပ်သင့်ပြီး ခရီးသွားလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍အပြန်အလှန် ဆွေးနွေးဖလှယ်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားသင့်ပါသည်။ အရေးယူဆောင်ရွက်ရန်အချက်များနှင့် ဦးစားပေးအစီအစဉ်များကို တစ်နှစ်လျှင်နှစ်ကြိမ် ခရီးသွားလုပ်ငန်းရှင်များ၏ ဖိုရမ်ဆွေးနွေးပွဲများတွင် ပြန်လှန်သုံးသပ် ဆောင်ရွက်သင့်ပါသည်။





# နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁)
ကိုးကားအထောက်အထားများ


CSR-MAP Project: Community Based Tourism Standards for Service and Sustainability, Informed by the Global Sustainable Tourism Criteria (GSTC), 2008-2012, Thailand (draft).

Framework for Economic and Social Reforms: Policy Priorities for 2012-15 towards the Long-Term Goals of the National Comprehensive Development Plan, November 22, 2012 (draft).

Global Sustainable Tourism Council: Global Sustainable Tourism Criteria for Hotels and Tour Operators. http://www.gstcouncil.org/sustainable-tourism-gstc-criteria/criteria-for-hotels-and-tour-operators.html (accessed February 2013).

Government of the Republic of the Union of Myanmar: Ministry of Hotels & Tourism: Responsible Tourism Policy, 27 September 2012.

Government of the Republic of the Union of Myanmar: Ministry of Hotels & Tourism: Myanmar Tourism Master Plan 2013-2017 (forthcoming).

Häusler, Nicole and Strasdas, Wolfgang: Training Manual for Community-based Tourism. Published by: InWEnt – Capacity Building International, 2003, Zschortau/Germany.

International Labour Organization (ILO): Decent Work. http://www.ilo.org/public/english/dw/ilo-dw-english-web.swf (accessed April 2013).

Mitchell, Jonathan and Muckosy, Pam: A misguided quest: Community based tourism in Latin America. In: Overseas Development Institute, Opinion 102, May 2008, London.

The Republic of the Union of Myanmar: National Biodiversity Strategy and Action Plan, 2011.

| သတ်မှတ်ချက်များ | ဖြည့်ဆည်းရန်လိုအပ်ချက်များ |
|---|---|
| အိပ်ခန်းဆောင်<br><br>(ဗိသုကာပုံစံ) | – အိပ်ခန်း၊ပရိဘောဂ နှင့် အခန်းတွင်းပြင်ဆင်မှုများကို ဒေသပုံစံ၊ ဒေသထွက်ပစ္စည်းများနှင့် ထည့်သွင်းပြင်ဆင်အသုံးပြုရန်၊<br>– အိပ်ခန်းနှင့်နံနက်ခင်းစာကိုအစဉ်သတိပြု၍ အရည်အသွေးအားထိန်းသိမ်းရန်၊ ဧည့်သည်များ၏လုံခြုံရေးနှင့်ပတ်သက်၍ သေချာစွာစီစဉ်ထားရှိရန် (အခန်းတံခါးနှင့် ပြူတင်းပေါက်သော့များအပါအဝင်)<br>– အနံ့အသက်များ ကင်းဝေးစေရေးအတွက် လေဝင်လေထွက်ကောင်းမွန်စွာရှိစေရန်၊<br>– အိပ်ခန်းတွင်း အသုံးအဆောင်ပစ္စည်းများ သန့်ရှင်းရေး<br>– ရေချိုးခန်းနှင့် အိမ်သာသန့်ရှင်းရေး<br>– အာဆီယံ(သို့) အနောက်တိုင်းပုံစံ သန့်စင်ခန်းစနစ်ထားရှိရန်၊ ရေပန်း (Shower) နှင့် အိမ်သာ (Toilet) တို့ကို သီးခြားစီထားရှိရန်၊<br>– လက်ခံနိုင်သည့် ဧည့်သည်ဦးရေ–အနည်းဆုံး အခန်း(၄)ခန်း(သို့)ကုတင်(၈)လုံးပါဝင်သည့် အိပ်ခန်းများရှိရမည်။အများဆုံးအနေနှင့်အရည်အသွေးစီမံခန့်ခွဲနိုင်မှုအပေါ် မူတည်၍အဖွဲ့အစည်း/ပိုင်ရှင်၏ဆုံးဖြတ်ချက်အတိုင်းထားရှိရန်၊<br>– အင်းဆက်ပိုးမွှားများနှင့် စိတ်အနှောင့်အယှက်ဖြစ်စေမည့် တိရိစ္ဆာန်များကို အစဉ်စစ်ဆေးရှင်းလင်းထားရန် (ဥပမာ–အိမ်ကြွက်များ၊ ခြင်များ၊ ပိုးဟပ်နှင့် ပုရွက်ဆိပ်စသည်များ) |
| အစားအစာနှင့်<br>အဖျော်ယမကာ | - အစားအစာနှင့် အဖျော်ယမကာ သန့်ရှင်းရေးနှင့် ဘေးကင်းစေရေး၊<br>- စားဖိုဆောင်နှင့် စားဖိုဆောင်သုံးပစ္စည်းများသန့်ရှင်းရေးနှင့် လုံခြုံစိတ်ချမှုရှိစေရေး၊ .<br>- အသုံးပြုသောရေ လတ်ဆတ်သန့်ရှင်းရေးနှင့် အန္တရာယ်ကင်းရေး၊<br>- အစားအစာနှင့် အဖျော်ယမကာများ ကိုင်တွယ်ပြင်ဆင်ရာတွင် ကျန်းမာရေးနှင့် ညီညွှတ်စေရန်နှင့် ရေဆိုးစွန့်ပစ်စနစ်ကောင်းမွန်စေရေး၊<br>- အစားအစာနှင့် အဖျော်ယမကာ ပြင်ဆင်ထုတ်လုပ်သူများ ကူးစက်ရောဂါကင်းရှင်းမှုရှိစေရေး၊ |
| ဘေးကင်းရေးနှင့်လုံခြုံရေး | - နယ်မြေဒေသအတွင်းမီးသတ်ဝန်ဆောင်မှုအပါအဝင် ဘေးကင်းမှုရှိစေရေးအစဉ်သတိပြုစစ်ဆေးရန်၊<br>- ဘေးကင်းမှုနှင့်လုံခြုံရေးအတွက် လေ့ကျင့်သင်ကြားပေးမှုအစီအစဉ်၊<br>- အရေးပေါ်ကိစ္စအတွက် လမ်းညွှန်ချက်များနှင့် အစီအမံများထားရှိမှု၊<br>- ဧည့်သည်များဘေးကင်းရေးနှင့် လုံခြုံရေးအတွက်လိုအပ်သော၊ နောက်ဆုံးရသတင်းအချက်အလက်များအချိန်မှီရရှိစေသည့် အစီအစဉ်၊<br>- မတော်တဆထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် နေအိမ်အသုံးအဆောင်ပစ္စည်း များကိုပုံမှန်ထိန်းသိမ်းပြုပြင်ရန်၊<br>- အများပြည်သူအသုံးပြုသည့် ဆေးရုံ၊ ဆေးခန်း၊ အများသုံးတယ်လီဖုန်း၊ စာတိုက်၊ ရဲစခန်းများသို့ ဆက်သွယ်သွားလာနိုင်မှု၊<br>- မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လောင်းကစားဝိုင်းများနှင့် ပြည့်တန်ဆာလုပ်ငန်းများအားတင်းကြပ်စွာတားမြစ်ပိတ်ပင်မှု၊<br>- ခရီးသွားဧည့်သည်များတည်းခိုနေစဉ်ကာလအတွင်း၊ အိပ်ခန်းတွင်နံနက်စာအတွက်စီမံပေးသူမှအပ ကျန်မည်သည့်အဖွဲ့အစည်းဝင်ကိုမှ ဝင်ရောက်ခွင့်မပြုရန်၊ (ကန့်သတ်နယ်မြေအဖြစ်သတ်မှတ်ထားရှိရန်)<br>- အများပြည်သူအတွက်ဝန်ဆောင်မှုများ (မီးသတ်ဝန်ဆောင်မှုအပါအဝင်) |
| ဒေသခံနေအိမ်တွင် တည်းခိုနေထိုင်ခြင်းအစီအစဉ်အစိတ်အပိုင်းအဖြစ်ဧည့်သည်များအတွက်ဆောင်ရွက်ပေးမှုများ | - နယ်မြေဒေသအတွင်းဆိုးကျိုးများကိုမဖြစ်ပေါ်စေဘဲ သဘာဝပတ်ဝန်းကျင်နှင့်  သဟဇာတဖြစ်စေမည့် အစီအစဉ်များထောက်ပံ့ထားရှိမှု<br>- ဒေသအတွင်းလှုပ်ရှားမှုအစီအစဉ်များတွင် ဧည့်သည့်များပါဝင်ဆင်နွှဲနိုင်မှု (ဥပမာ-လက်မှုပညာ၊ အနုပညာ၊ ဘာသာစကား၊ ရိုးရာအက၊ ရိုးရာပွဲလမ်းသဘင်များ)<br>- ဧည့်သည်များအား ယဉ်ကျေးမှုဆိုင်ရာ စီစဉ်ဆောင်ရွက်ထားမှုများအကြောင်း လိုအပ်သောအချက်အလက်များ ပေးနိုင်ရန် စီစဉ်ထားရှိမှု၊ |

| သတ်မှတ်ချက်များ | ဖြည့်ဆည်းရန်လိုအပ်ချက်များ |
|---|---|
| ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာအခြေအနေများ | - သဘာဝ(သို့)ယဉ်ကျေးမှုဆိုင်ရာဆွဲဆောင်မှုရှိသော နေရာတစ်ခုစီတွင်  သက်ဆိုင်ရာ ကျေးရွာများ၌ ၄င်းတို့လက်ခံဆောင်ရွက်ပေးနိုင်သည့် ပမာဏထက်မပိုစေသည့် သင့်လျော်သော ဧည့်သည်အရေအတွက်၊ အတိုင်းအဆ၊ ခရီးသွားလုပ်ငန်းအမျိုးအစားနှင့် လည်ပတ်သည့်ကာလဖြစ်စေရေး၊<br>- စွန့်ပစ်အမှိုက်များအား သိမ်းဆည်းရန်လုံလောက်သည့် အစီအမံများထားရှိမှု<br>- သင့်လျော်မှန်ကန်သော အမှိုက်စွန့်ပစ်သည့်အလေ့အထ<br>- အမှိုက်စွန့်ပစ်ရန် လုံလောက်သော အမှိုက်ပုံးထားရှိမှု<br>- သင့်လျော်သည့်ရေဆိုးစွန့်ထုတ်မှုစနစ်<br>- ကားဖြင့်သွားလာနိုင်သည့်နေရာဖြစ်ပါက - မော်တော်ယာဉ်မှထွက်ရှိသည့် ဆူညံမှုနှင့် လေထုညစ်ညမ်းမှုများ အဆိုပါဒေသများ၌ကင်းဝေးစေနိုင်ရန် သင့်လျော်သော ကားရပ်နားရန်နေရာထားရှိခြင်း၊<br>- ဆွဲဆောင်မှုရှိသည့်နေရာဒေသများ၏ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အခြေအနေများကိုပုံမှန်စောင့်ကြည့်စစ်ဆေးရန်၊ |
| ပိုင်ဆိုင်မှုအနေအထားနှင့် အိပ်ခန်း၊ နံနက်ခင်းစာများအတွက်စီမံခန့်ခွဲခြင်း | - လူမှုအဖွဲ့အစည်းနှင့်အဖွဲ့အစည်းဝင်များမှာအိပ်ခန်းနှင့်နံနက်ခင်းစာ(B&B)ပိုင်ရှင်များဖြစ်ကြပါသည်။<br>- ကော်မတီဝင်များနှင့် ကော်မတီအကြီးအကဲသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အတူပူးပေါင်း၍ပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စရပ်များ(မိသားစုတစ်စု ပိုင်ဆိုင်မှုမှသည် အဖွဲ့ အစည်းဝင်အားလုံး (သို့) ပုဂ္ဂလိကများနှင့် အစုအစပ်ပိုင်ဆိုင်မှုများအထိ)နှင့် အိပ်ခန်း နှင့် နံနက်စာ(B&B)စီမံခန့်ခွဲမှုဆိုင်ရာများကို ဆုံးဖြတ်ဆောင်ရွက်ရန်၊<br>- ပြင်ပအဖွဲ့အစည်း၏ငွေကြေးအထောက်အပံ့ဖြင့် လုပ်ကိုင်သည့်အိပ်ခန်းနှင့်နံနက်ခင်း စာ (B&B) ကိစ္စရပ်များတွင် (B&B) ပိုင်ရှင်သည် အိပ်ခန်းဆောင် တည်ဆောက်ခြင်း အတွက် ငွေ(သို့) လုပ်အားကိုအစုအစပ်အဖြစ်ထည့်ဝင်ရန်၊<br>- (B&B) စီမံခန့်ခွဲခြင်းဆိုင်ရာ ကိစ္စများဆောင်ရွက်ရန် စီမံခန့်ခွဲရေးဘုတ်အဖွဲ့အတွက် ပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များကို ပြင်ပအစုအစပ်ဝင်များကစီစဉ်ဆောင်ရွက်ပေးရန်၊<br>- ဧည့်သည်များ၏အမူအကျင့်များကိုထိန်းသိမ်းရန်၊ ကျင့်ဝတ်စည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်လမ်းညွှန်ချက်များကို ရွာသူရွာသားအားလုံးမှ ပါဝင်ဆွေးနွေးသတ်မှတ်ရန်၊ အဆိုပါလမ်းညွှန်ချက်များအား လိုက်နာရန်သတ်မှတ်ပြဋ္ဌာန်းရမည့်တာဝန်မှာ စီမံခန့်ခွဲရေးဘုတ်အဖွဲ့တွင် တာဝန်ရှိပါသည်။<br>- စီမံခန့်ခွဲရေးဘုတ်အဖွဲ့သည် ဝန်ဆောင်မှုအဆင့်အတန်းများနှင့် ပတ်သက်၍ဧည့်သည်များ၏သဘောထားတုံ့ပြန်မှုကိုရယူရန် နည်းလမ်း(သို့)လမ်းစဉ်ကို ချမှတ်ဆောင်ရွက်ရန်၊<br>- လူမှုအဖွဲ့အစည်းကို အကျိုးအမြတ်နှင့် ထောက်ပံ့မှုတိုက်ရိုက်ရရှိစေသည့် ရန်ပုံငွေတစ်ရပ်အား အုပ်ထိန်းမှုအဖွဲ့၏ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် တည်ထောင်ဆောင်ရွက်ရန် ထောက်ခံပါသည်။ |
| ဈေးကွက်ရှာဖွေရေးနှင့် ဈေးကွက်မြှင့်တင်ရေး | - အိပ်ခန်းနှင့်နံနက်ခင်းစာ (B&B) ဈေးကွက်ရှာဖွေခြင်းနှင့် ပတ်သက်၍ ဈေးကွက်နှင့် ကြော်ငြာမြှင့်တင်ခြင်းစီမံချက်၊ ဆောင်ရွက်ချက်များတွင် အောက်ပါအချက်များပါဝင်သင့်ပါသည်-<br>(၁) အဓိကဦးတည်ချက်ထားသည့်ဧည့်သည်များနှင့် ၄င်းတို့၏လိုအပ်ချက်များကို ရှင်းလင်းစွာသိရှိ နားလည်ထားရန်၊<br>(၂) မြှင့်တင်ကြော်ငြာရန်လိုအပ်သောပစ္စည်းများရရှိနိုင်မှု၊ ဥပမာ- လူမှုအဖွဲ့အစည်းအကြောင်းဖော်ပြထားသည့် လက်ကမ်းစာစောင်၊ ဘာသာပြန်နှင့်လမ်းညွှန်အမှတ် အသားများ၊ ကြော်ငြာများ၊<br>(၃) ဈေးကွက်ရှာဖွေရေးအတွက်ဒေသခံအစိုးရနှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ |

| သတ်မှတ်ချက်များ | ဖြည့်ဆည်းရန်လိုအပ်ချက်များ |
|---|---|
| ပုဂ္ဂလိက ကဏ္ဍနှင့်လူမှုအဖွဲ့အစည်း/ လူမှုအဖွဲ့အစည်းဝင်များ အကျိုးတူဖက်စပ်ဆောင်ရွက်ခြင်း | - အကယ်၍လူမှုအဖွဲ့အစည်းသည် ပုဂ္ဂလိက ကဏ္ဍနှင့် အကျိုးတူဖက်စပ် လုပ်ကိုင်ရန် စိတ်ဝင်စားပါက၊ တစ်ဖန်စီးပွားရေးလုပ်ငန်းအချို့အနေဖြင့် လူမှုအဖွဲ့အစည်းနှင့်မိတ်ဖက်ဆောင်ရွက်လိုပါက ပွင့်လင်းမြင်သာသည့် တင်ဒါစနစ်ကိုကျင့်သုံး၍ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအား တန်းတူအခွင့်အရေးပေးပြီး ဒေသခံလူမှုအဖွဲ့အစည်းနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ပေးရန်၊<br>- လူမှုအဖွဲ့အစည်းအနေဖြင့်ဆုံးဖြတ်ချက်ရယူပြီးပါက နှစ်ဖက်သဘောတူစာချုပ်/ကန်ထရိုက်စာချုပ်ကို အစုစပ်လုပ်ကိုင်သူနှစ်ဦးအကြားလက်မှတ်ရေးထိုးရပါမည်။ အစုအစပ်လုပ်ကိုင်သူများအကြား ဖြစ်ပွားနေကျပြဿနာများမှာ မဆီလျော်သော၊ ဆင်ခြင်မှုအားနည်းသောစာချုပ်ပါအချက်များကို လက်မှတ်ရေးထိုးမိရာမှစတင်မြဲဖြစ်ပါသည်။ ထို့ကြောင့်အဖွဲ့အစည်းအနေဖြင့် အစုစပ်စီးပွားရေးလုပ်ငန်းဆိုင်ရာနည်းလမ်းများတွင် ကျွမ်းကျင်ပြီးအတွေ့အကြုံရှိသော ဥပဒေပညာရှင်ထံမှ အကြံပြုချက်ကိုအလေးထားရယူဆောင်ရွက်ရန်အကြံပြုလိုပါသည်။ သဘောတူစာချုပ်အရအရင်းအနှီးထည့်ဝင်မှု၊ ညီညွတ်မျှတခြင်းရှိစေမှုတို့အပေါ် ဒေသခံလူမှုအဖွဲ့အစည်း/ အဖွဲ့အစည်းဝင်များအနေဖြင့်ရှင်းလင်းစွာ သိရှိထားရန်လိုပါသည်။<br>- လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကပိုင်ရှင်အကြား စီးပွားရေးလုပ်ငန်းဆောင်ရွက်နိုင်မှု၊ ဆက်သွယ်ဆောင်ရွက်နိုင်မှုများနှင့်စပ်လျဉ်း၍သတင်းအချက်အလက်များဖလှယ်ရန်၊ဆုံးဖြတ်ချက်များချနိုင်ရန်တို့အတွက် ပုံမှန်အစည်းအဝေးများကျင်းပရန်နှင့် ပူးတွဲစီမံခန့်ခွဲမှုကော်မတီတစ်ရပ်ကိုတည်ထောင်ရန်၊<br>- လူမှုအဖွဲ့အစည်းအပေါ် အကျိုးအမြတ်နှင့် ထောက်ပံ့မှုတိုက်ရိုက်ရရှိစေသည့် လူထု အခြေပြုယုံကြည်အပ်နှံထားသည့်ရန်ပုံငွေတစ်ရပ်ကို တည်ထောင်ဆောင်ရွက်သွားရန်ထောက်ခံပါသည်။<br>- ပုဂ္ဂလိက ကဏ္ဍမှပိုင်ရှင်အနေဖြင့် အောက်ပါစည်းကမ်းများကိုလိုက်နာရန်၊<br>- လူမှုအဖွဲ့အစည်းအတွင်း ဖြစ်ပေါ်သည့်အငြင်းပွားမှုများ ကိုဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊<br>- လုပ်ငန်းဆောင်ရွက်မှုနှင့် စွန့်စားမှုအချို့တို့ကို လွှဲပြောင်းလုပ်ကိုင်စေခြင်းအားဖြင့် ဒေသခံအကျိုးတူလုပ်ကိုင်သူများ၏စွမ်းဆောင်ရည်ကို စောင့်ကြည့်၍ကူညီပံ့ပိုးပေးမှုမှတဆင့်  မိတ်ဖက်ဆက်နွယ်မှုဖွံ့ဖြိုးရန်ဆောင်ရွက်ခြင်း၊<br>- ဒေသခံပြည်သူများ၏ သတ်မှတ်ချက်များ၊ ဓလေ့ထုံးစံများ၊ ယုံကြည်မှုများနှင့်ယဉ်ကျေးမှုများကို လေးစားရန်၊ |
| အိမ်နီးချင်းလူမှုအဖွဲ့အစည်းများအပေါ် ဒေသတွင်းအကျိုးအမြတ် | - ခရီးသွားဧည့်သည်များသည် လူမှုအဖွဲ့အစည်းရန်ပုံငွေသို့ အပိုကြေးပေးသွင်းရမည် ဖြစ်သည်။ အဆိုပါရန်ပုံငွေကို လူမှုအဖွဲ့အစည်း ကောင်းကျိုးစီးပွားအတွက်သာ အသုံးပြုရမည်။ ငွေကြေးခွဲဝေပေးမှုအားအဖွဲ့အစည်း၏အကြီးအကဲ(သို့) အခြားကျေးရွာအာဏာပိုင်များမှ သတ်မှတ်ပေးရမည်။<br>- လူမှုအဖွဲ့အစည်းရန်ပုံငွေအား ဒေသခံတို့၏ ယဉ်ကျေးမှုဓလေ့များ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုအဖွဲ့အစည်း၏စစ်မှန်မှုတို့အား ပြုပြင်ထိန်းသိမ်း ရေးနှင့် မြှင့်တင်ရေးတို့တွင်အသုံးပြုသွားရန်၊<br>- ဒေသ၏ထူးခြားမှု၊ စစ်မှန်မှုများနှင့် ပတ်သက်၍ ဒေသခံပြည်သူများနှင့် ဧည့်သည်များ အကြားနားလည်မှု ပွားများလာစေရန်ဘာသာစကားပြန်ဆိုရေး စီမံချက်/ အစီ အစဉ်များထားရှိစေသင့်ပါသည်။ |



မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် ... မြန်မာနိုင်ငံတွင် ဓလေ့ထုံးစံ၊ယုံကြည်ကိုးကွယ်မှုများနှင့်ဆက်နွယ်နေသည့် အကြောင်းအရင်းများကြောင့် နိုင်ငံခြားသားဧည့်သည်များအား နံနက်ခင်းစာဝန်ဆောင်မှုပါဝင်သော တည်းခိုမှု (B&B) စီစဉ်ပေးကြပြီး (သို့) ဧည့်သည်များအနေနှင့် ဟိုတယ်များ၊ တည်းခိုရိပ်သာများတွင် တည်းခိုနိုင်ပါသည်။ ရှေ့လာမည့်နှစ်များတွင် လူမှုအဖွဲ့ အစည်းများသည် (B&B) အတွေ့အကြုံများကို တိုက်ရိုက်ရရှိသင့်ပြီး ၄င်းအတွေ့အကြုံများက မိသားစုနေအိမ်များတွင် တည်းခိုခြင်း (Home Stay)အစီအစဉ်ကို ရေရှည်လုပ်ကိုင်လာနိုင်စေမည်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံခြားသားဧည့်သည်များအနေနှင့်ဒေသခံမိသားစုတို့၏ နေအိမ်များတွင် ညအိပ်တည်းခိုလာနိုင်မည်ဖြစ်သည်။ သို့သော်လည်း "အာဆီယံမိသားစု နေအိမ်များတွင် တည်းခိုခြင်းဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ" ၌ မြန်မာနိုင်ငံအတွက် ၂၀၁၀ ခုနှစ်တွင် ထည့်သွင်းပြဌာန်းအတည်ပြုထားပြီး ဖြစ်ပါသည်။

| သတ်မှတ်ချက်များ | ဖြည့်ဆည်းရန်လိုအပ်ချက်များ |
|---|---|
| အိပ်ခန်းဆောင် | - အိပ်ခန်းပရိဘောဂ နှင့် အခန်းတွင်းပြင်ဆင်မှုများကို ဒေသတွင်းပုံစံ၊ ဒေသထွက်ပစ္စည်းများဖြင့် ထည့်သွင်းပြင်ဆင်အသုံးပြုရန်၊<br>- ဧည့်သည်များအတွက် လုံခြုံစိတ်ချမှုရှိစေရန် အခန်းတံခါးနှင့် ပြူတင်းပေါက်သော့များအပါအဝင် အိပ်ခန်းဆောင်ထိန်းသိမ်းရေး လုပ်ငန်းနှင့်ပုံမှန်ကြီးကြပ်ဆောင်ရွက်သွားရန်<br>- အနံ့အသက်များ ကင်းဝေးစေရေးအတွက် လေဝင်လေထွက်ကောင်းမွန်စွာရှိစေရန်၊<br>- အိပ်ခန်းနှင့် အသုံးအဆောင်ပစ္စည်းများ သန့်ရှင်းရေး၊<br>- ရေချိုးခန်းနှင့် အိမ်သာသန့်ရှင်းရေး၊<br>- အင်းဆက်ပိုးမွှားများနှင့် စိတ်အနှောင့်အယှက်ဖြစ်စေမည့် တိရစ္ဆာန်များကို အစဉ် စစ်ဆေးရှင်းလင်းထားရန် (ဥပမာ- အိမ်ကြွက်များ၊ ခြင်များ၊ ပိုးဟပ်နှင့် ပုရွက်ဆိပ် စသည်များ) |
| အစားအစာနှင့်အဖျော်ယမကာ | - အစားအစာနှင့် အဖျော်ယမကာ သန့်ရှင်းရေးနှင့် ဘေးကင်းစေရေး၊<br>- စားဖိုဆောင်နှင့် စားဖိုဆောင်သုံးပစ္စည်းများသန့်ရှင်းရေးနှင့် လုံခြုံစိတ်ချရရေး၊<br>- အသုံးပြုသောရေ လတ်ဆတ်သန့်ရှင်းရေးနှင့် အန္တရာယ်ကင်းရေး၊<br>- အစားအစာနှင့် အဖျော်ယမကာများ ကိုင်တွယ်ပြင်ဆင်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး၊ |
| ဘေးကင်းရေးနှင့်လုံခြုံရေး | - နယ်မြေဒေသအတွင်း ဘေးကင်းမှုရှိစေရေးအစဉ်သတိပြု စစ်ဆေးရန်၊<br>- ဘေးကင်းမှုနှင့်လုံခြုံမှုရှိစေရေးအတွက် "ဧည့်သည်များလုံခြုံမှုရှိစေရေး ရဲဝန်ထမ်း" များအားတာဝန်များခွဲဝေချထားခြင်းနှင့် လေ့ကျင့်သင်ကြားပေးရေးအစီအစဉ်၊<br>- အရေးပေါ်ကိစ္စအတွက် လမ်းညွှန်ချက်နှင့် အစီအမံများထားရှိမှု၊<br>- ဧည့်သည်များဘေးကင်းရေးနှင့် လုံခြုံရေးအတွက်လိုအပ်သော/နောက်ဆုံးရသတင်း အချက်အလက်များအချိန်မှီရရှိစေနိုင်သည့် အစီအစဉ်၊<br>- မတော်တဆထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် နေအိမ်အသုံးအဆောင်ပစ္စည်း များကိုပုံမှန်ထိန်းသိမ်းပြုပြင်ရန်၊<br>- အများပြည်သူအသုံးပြုသည့် ဆေးရုံ၊ ဆေးခန်း၊ အများသုံးတယ်လီဖုန်း၊ စာတိုက်၊ ရဲစခန်းများသို့ ဆက်သွယ်သွားလာနိုင်မှု၊<br>- မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လောင်းကစားဝိုင်းများနှင့် ပြည့်တန်ဆာလုပ်ငန်းများအား တင်းကြပ်စွာတားမြစ်ပိတ်ပင်မှု၊ |
| ဒေသခံနေအိမ်တွင်တည်းခို နေထိုင်ခြင်းအစီအစဉ် အစိတ်အပိုင်းအဖြစ် ဧည့်သည်များ အတွက်ဆောင်ရွက်ပေးမှုများ | - နယ်မြေဒေသအတွင်းဆိုးကျိုးများကိုမဖြစ်ပေါ်စေဘဲ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် အစီအစဉ်များထောက်ပံ့ထားရှိမှု၊<br>- ဒေသအတွင်းလှုပ်ရှားမှုအစီအစဉ်များတွင် ဧည့်သည့်များပါဝင်ဆင်နွှဲနိုင်မှု (ဥပမာ- လက်မှုပညာ၊ အနုပညာ၊ ဘာသာစကား၊ ရိုးရာအက၊ ရိုးရာပွဲလမ်းသဘင်များ)<br>- ဧည့်သည်များအား ယဉ်ကျေးမှုဆိုင်ရာ စီစဉ်ဆောင်ရွက်ထားမှုများအကြောင်းလိုအပ် သောအချက်အလက်များ ပေးနိုင်ရန်စီစဉ်ထားရှိမှု၊ |

နောက်ဆက်တွဲ (၂)
မြန်မာနိုင်ငံမိသားစုနေအိမ်များတွင် တည်းခိုခြင်းဆိုင်ရာ စံချိန်စံညွှန်း –အဓိကသတ်မှတ်ချက်များနှင့်ဖြည့်ဆည်းရန်လိုအပ်ချက်များ

| သတ်မှတ်ချက်များ | ဖြည့်ဆည်းရန်လိုအပ်ချက်များ |
|---|---|
| ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာအခြေအနေများ | - သဘာဝ(သို့)ယဉ်ကျေးမှုဆိုင်ရာဆွဲဆောင်မှုရှိသော နေရာတစ်ခုစီတွင် သက်ဆိုင်ရာ ကျေးရွာများ၌ ၎င်းတို့လက်ခံဆောင်ရွက်ပေးနိုင်သည့် ပမာဏထက်မပိုစေသည့် သင့်လျော်သော ဧည့်သည်အရေအတွက်၊ အတိုင်းအဆ၊ ခရီးသွားလုပ်ငန်းအမျိုးအစားနှင့် လည်ပတ်သည့်ကာလဖြစ်စေရေး၊<br>- စွန့်ပစ်အမှိုက်များအား သိမ်းဆည်းရန်လုံလောက်သည့် အစီအမံများထားရှိမှု၊<br>- သင့်လျော်မှန်ကန်သော အမှိုက်စွန့်ပစ်သည့်အလေ့အထ၊<br>- အမှိုက်စွန့်ပစ်ရန် လုံလောက်သော အမှိုက်ပုံးထားရှိမှု၊<br>- သင့်လျော်သောရေဆိုးစွန့်ထုတ်မှုစနစ်၊<br>- မော်တော်ယာဉ်မှထွက်ရှိသည့်ဆူညံမှုနှင့် လေထုညစ်ညမ်းမှုများ ပြည်သူလူထုအတွင်း ကင်းဝေးစေနိုင်ရန် သင့်လျော်သော ကားရပ်နားရန်နေရာထားရှိခြင်း၊<br>- အမှိုက်စွန့်ပစ်မှုစနစ်တွင် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ရေး၊ ဥပမာ- အမှိုက် အမျိုးအစားခွဲခြားခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုနိုင်ရန်စီစဉ်ခြင်း၊<br>- ဆွဲဆောင်မှုရှိသည့်နေရာဒေသများ၏ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း ဆိုင်ရာအခြေအနေများကိုပုံမှန်စောင့်ကြည့်စစ်ဆေးရန်၊ |
| ဒေသခံများအတွက်အကျိုးကျေးဇူးများ | - မိသားစုနေအိမ်၌တည်းခိုနေထိုင်ခြင်း ဝန်ဆောင်မှုများတွင် ဒေသခံလူမှုအဖွဲ့အစည်းများပါဝင်စေခြင်း၊<br>- ဒေသခံပြည်သူများအတွက်မိသားစုနေအိမ်တည်းခိုခြင်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းရှင်များဖြစ်စေရေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးအစီအစဉ်၊<br>- ဒေသတွင်းရှိယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများနှင့် လူမှုအဖွဲ့အစည်းများနှင့် ဧရိယာအတွင်းတည်ရှိနေသည့် စစ်မှန်မှုများကို ထိမ်းသိမ်းထားရန်နှင့် ပိုမိုကြွယ်ဝလာစေရန်၊<br>- ဧည့်သည်များ၏ အမူအကျင့်များကိုထိန်းသိမ်းရန်ကျင့်ဝတ်၊ စည်းကမ်းများ၊ ဆောင်ရန်၊ရှောင်ရန်လမ်းညွှန်ချက်များကိုအသုံးပြုရန်၊<br>- နေရာဒေသတစ်ခု၏ အရေးပါမှုနှင့် စစ်မှန်မှုများအပေါ် ဧည့်သည်နှင့်ဒေသခံပြည်သူများအကြားနားလည်မှုရှိစေရေး ကူညီပံ့ပိုးပေးသည့် ဘာသာပြန် လုပ်ငန်းနှင့်သက်ဆိုင်သည့်စီမံချက်/ အစီအစဉ်များရရှိနိုင်မှု၊<br>- ဝန်ဆောင်မှု/စံချိန်စံညွှန်းအပေါ် ဧည့်သည်များ၏သဘောထားတုံ့ပြန်မှုကိုရယူရန် နည်းလမ်း(သို့)လုပ်နည်းစနစ်ထားရှိဆောင်ရွက်ခြင်း၊ |
| ဈေးကွက်ရှာဖွေရေးနှင့်ဈေးကွက်မြှင့်တင်ရေး | - ဈေးကွက်နှင့် ကြော်ငြာမြှင့်တင်ခြင်းစီမံချက်/ ဆောင်ရွက်ချက်များတွင် အောက်ပါအချက်များ ပါဝင်သင့်ပါသည်<br>(၁) ဦးတည်ချက်ထားသည့်ဧည့်သည်များနှင့် ၎င်းတို့၏လိုအပ်ချက်များကိုရှင်းလင်းစွာနားလည်သိရှိထားရန်၊<br>(၂) မြှင့်တင်ကြော်ငြာရန်လိုအပ်သောပစ္စည်းများရရှိနိုင်မှု၊ ဥပမာ-လူမှုအဖွဲ့အစည်းအကြောင်းဖော်ပြထားသည့် လက်ကမ်းစာစောင်၊ ဘာသာပြန်နှင့်လမ်းညွှန်အမှတ်အသားများ၊ ကြော်ငြာများ၊<br>(၃) ဈေးကွက်ရှာဖွေရေးအတွက်ဒေသခံအစိုးရနှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်သူများ ပူးပေါင်းဆောင်ရွက်မှု၊ |



စံသတ်မှတ်ချက်များတွင် ကမ္ဘာနှင့်အဝှမ်းခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးစံများ (GSTC)နှင့် ထိုင်းနိုင်ငံCSR-MAP စီမံကိန်းတို့အပေါ်အခြေပြုသည့် စံချိန်နှင့်စံညွှန်းများပါဝင်ပါသည်။ အနိမ့်ဆုံးစံသတ်မှတ်ချက်ဆိုသည်မှာ CIT စီမံကိန်း စတင်သည့်အချိန်မှ စ၍စံညွှန်းပြည့်စုံရန်လိုအပ်ပါသည်။ အဆင့်မြင့် စံသတ်မှတ်ချက်ကိုမူ စီမံကိန်း အစပိုင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်မလိုပါ။ CIT ၏ လုပ်ရှားမှုများ အရည်အသွေးမြင့်မားလာစေရန်အတွက် စီမံကိန်း စတင်ပြီးနောက် လေးနှစ်(သို့)ငါးနှစ် အကြာတွင် ၎င်းအဆင့်မြင့်စံသတ်မှတ်ချက်များနှင့် ပြည့်စုံရန် လိုအပ်ကြောင်း ထောက်ခံတင်ပြပါသည်။

ဖေဖော်ဝါရီလ(၁၅)ရက်နေ့တွင် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍမှကိုယ်စားလှယ် (၅၀)ဦးကျော် တက်ရောက်ခဲ့ပြီး နေပြည်တော်၌ ကျင်းပသောညီလာခံသို့ မူဝါဒမူကြမ်းကိုတင်ပြပြီးဆွေးနွေးခဲ့ကြပါသည်။ ညီလာခံအတွင်း တက်ရောက်သူကိုယ်စားလှယ်များကအုပ်စုအလိုက် စံချိန်စံညွှန်းများကို ဆွေးနွေးခဲ့ကြပြီး မည်သည့်စံကို ချန်လှပ်၍မည်သည့်စံကိုထပ်ထည့် သင့်ကြောင်း၊ မည်သည့်စံကို အနိမ့်ဆုံးသတ်မှတ်၍ မည်သည့်စံကိုအဆင့်မြင့်စံအဖြစ်သတ်မှတ်သင့်ကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

| | စံချိန်နှင့်စံညွှန်းများ | အနိမ့်ဆုံး | အဆင့်မြင့် |
|---|---|---|---|
| | **(၁) CIT ကိုရေရှည်တည်တံ့အောင်စီမံခန့်ခွဲခြင်း** | | |
| **၁.၁** | **CIT ကိုရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်း (ရေရှည်တည်တံ့သောစီမံခန့်ခွဲမှုတွင်ဧရိယာ ၈–ခု သတ်မှတ်ပါသည်။ (၁) သဘာဝအရင်းအမြစ်များ၊ (၂)ယဉ်ကျေးမှု၊ (၃)ကျန်းမာရေးနှင့်သန့်ရှင်းရောဂါ ကင်းရေး၊ (၄)လုံခြုံရေး၊ (၅)ပြည်သူလူထုနှင့်လူ့အဖွဲ့အစည်း၊ (၆)ဝင်ငွေနှင့်အခြားခရီးသွားလုပ်ငန်း အကျိုးကျေးဇူးများ၊ (၇) ဝန်ဆောင်မှု အရည်အသွေးနှင့် (၈) ဈေးကွက်ရှာဖွေရေး)** | | |
| ၁. ၁. ၁ | လူမှုအဖွဲ့အစည်းအတွင်း ခရီးသွားလုပ်ငန်းကိုအုပ်စုတစ်အုပ်စုမှကော်မတီဖြင့် စီမံခန့်ခွဲခြင်း၊ | ✔ | |
| ၁. ၁. ၂ | ကော်မတီသည် CIT ၏အခြေခံသဘောတရားနှင့်ရည်မှန်းချက်ပန်းတိုင်ကို နားလည်သဘောပေါက်ခြင်း၊ | ✔ | |
| ၁. ၁. ၃ | CIT အဖွဲ့ဝင်များ၏အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများကိုရှင်းလင်းစွာသတ်မှတ်ထားခြင်း၊ အဖွဲ့ဝင်များအကြား ဖြန့်ဝေထားခြင်း၊ ရေရှည်တည်တံ့ခြင်းဆိုင်ရာဧရိယာ (၈)ခုကို ခြုံငုံမိခြင်း၊ | ✔ | |
| ၁. ၁. ၄ | အရွေးချယ်ခံရသူ၊ တာဝန်ရှိညှိနှိုင်းဆောင်ရွက်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများရှိခြင်း၊ | ✔ | |
| ၁. ၁. ၅ | အုပ်စုတွင်သတင်းအချက်အလက်များအားစီမံခန့်ခွဲရေးစနစ်ရှိခြင်းနှင့်သတင်းအချက်အလက်များအား နှစ်စဉ်နောက်ဆုံးအခြေအနေနှင့်အညီ မွမ်းမံခြင်း၊ | ✔ | |
| ၁. ၁. ၆ | အုပ်စုတွင်ရှင်းလင်းသောပွင့်လင်းမြင်သာသောတာဝန်ခံမှုရှိသောဘဏ္ဍာရေးစနစ်ရှိခြင်း၊ | ✔ | |
| ၁. ၁. ၇ | ခရီးသွားလုပ်ငန်းအတွက်အသုံးပြုရန် ဇုန်နယ်မြေသတ်မှတ်ထားပြီး ထိန်းသိမ်းစောင့်ရှောက်ထားရှိခြင်း၊ ဒေသခံလူမှုအဖွဲ့အစည်းများ၏လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးသက်ရောက်မှုများနှင့် ပတ်သက်၍ ဧည့်သည်လက်ခံနိုင်သည့် အရေအတွက်ကို သတ်မှတ်ထားခြင်း၊ | ✔ | |
| ၁. ၁. ၈ | ဒေသခံပတ်ဝန်းကျင်အနေအထားအရ သင့်လျော်သည့်ခရီးသွားဧည့်သည်အရေအတွက်ကို ထိန်းညှိထားခြင်း၊ | ✔ | |
| **၁.၂** | **CIT အဖွဲ့အတွင်းနှင့် လူမှုအဖွဲ့အစည်းအတွင်းပါဝင်ဆောင်ရွက်ခြင်း** | | |
| ၁. ၂. ၁ | အဖွဲ့ဝင်များ၏စိတ်ကူး၊ အကြံဉာဏ်များအားမျှဝေခွင့်၊ ဆုံးဖြတ်ချက်ချသည့်လုပ်ငန်း တွင် ပါဝင်ပြောဆိုခွင့်တို့ရရှိရေးတို့အတွက် CITအုပ်စု၏လုပ်ထုံးလုပ်နည်းများကို ခွင့်ပြုထားခြင်း၊ | | ✔ |
| ၁. ၂. ၂ | CIT အဖွဲ့၏ ပိုင်ဆိုင်မှုအပေါ်အုပ်စုဝင်များအနေဖြင့်ထိတွေ့ခံစားမှုပြနိုင်ပါသည်။ အုပ်စုဝင်များသည်နောက်ဆုံးသတင်းအချက်အလက်များရရှိခြင်း၊ ဆုံးဖြတ်ချက် ချရာတွင်ပါဝင်ခြင်း၊ ပြသနာများဖြေရှင်းရာတွင် တက်ကြွစွာအတူတကွ လုပ်ကိုင်ခြင်း၊ လုပ်သားအင်အားကိုမျှဝေပေးခြင်း (သို့) အတူတကွရင်းနှီးမြှုပ်နှံခြင်း၊ | | ✔ |

| | စံချိန်နှင့်စံညွှန်းများ | အနိမ့်ဆုံး | အဆင့်မြင့် |
|---|---|---|---|
| | **(၁) CIT ကို ရေရှည်တည်တံ့အောင်စီမံခန့်ခွဲခြင်း** | | |
| ၁. ၂. ၃ | အဖွဲ့တွင် အနည်းဆုံးတစ်လတစ်ကြိမ် ပုံမှန်အစည်းအဝေးရှိခြင်း၊ | | ✔ |
| ၁. ၂. ၄ | သတင်းများနှင့်အချက်အလက်များအားလူမှုအဖွဲ့အစည်းအတွင်း ပုံမှန်မျှဝေအသိပေး ခြင်း၊ | | ✔ |
| ၁. ၂. ၅ | CIT အဖွဲ့၏လုပ်ရှားမှုများတွင် အနည်းဆုံးတစ်နှစ်လျှင်တစ်ကြိမ် ပါဝင်ခွင့် (လေ့ကျင့် သင်ကြားခွင့်အပါအဝင်) ကိုလူမှုအဖွဲ့အစည်းတစ်ခုလုံးအားအခွင့်အရေးပေးထားခြင်း၊ | | ✔ |
| ၁. ၂. ၆ | CIT အဖွဲ့သည် လူမှုအဖွဲ့အစည်းဝင်လူသစ်များအား CIT အဖွဲ့သို့ ပါဝင်ခွင့်တစ်နှစ် လျှင်အနည်းဆုံး တစ်ကြိမ်အခွင့်အရေးပေးခြင်း၊ | | ✔ |
| **၁.၃** | **CIT အဖွဲ့နှင့် လူမှုအဖွဲ့အစည်းအတွင်းစွမ်းဆောင်ရည်တည်ဆောက်ခြင်း၊** | | |
| ၁. ၃. ၁ | အဖွဲ့ဝင်များအနေနှင့်၎င်းတို့၏အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများနှင့်သက်ဆိုင်သည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများပုံမှန်ရှိခြင်း၊ ရရှိသောဗဟုသုတနှင့် ကျွမ်းကျင်မှုအသစ်များကိုလက်တွေ့ ထိရောက်စွာအသုံးချနိုင်ခြင်း၊ | ✔ | |
| ၁. ၃. ၂ | CIT အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များသည် ၎င်းတို့၏အတွေ့အကြုံ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုများအား စိတ်ဝင်စားသည့်လူပုဂ္ဂိုလ် တစ်ဦးချင်း(သို့)မည်သည့်အဖွဲ့ အစည်းနှင့်မဆို မျှဝေခွင့်ရှိခြင်း၊ | ✔ | |
| ၁. ၃. ၃ | CIT အဖွဲ့၏လုပ်ငန်းစီမံကိန်းတွင် လူမှုအဖွဲ့အစည်းအတွက် စွမ်းဆောင်ရည် တည်ဆောက်မှုပါဝင်ခြင်း၊ | ✔ | |
| **၁.၄** | **ရေရှည်တည်တံ့ခြင်းဆိုင်ရာ ဧရိယာ(၈)ခုအပေါ်ဧည့်သည်များ၊ (CIT) အဖွဲ့နှင့်လူမှု အဖွဲ့အစည်းတို့ စိတ်ကျေနပ်မှုရှိ/ မရှိ ဆန်းစစ်သည့်စနစ်ရှိခြင်း၊** | | |
| ၁. ၄. ၁ | ဧည့်သည်များ၏တုန့်ပြန်မှုကို နည်းလမ်းအမျိုးမျိုးဖြင့်တိုင်းတာခြင်း (ဥပမာ- ဧည့် မှတ်တမ်းစာအုပ်၊ ဧည့်သည်များ နောက်တစ်ကြိမ်လာရောက်သည့်မှတ်တမ်း၊ သဘော ထားတုံ့ပြန်မှုပုံစံ) | ✔ | |
| ၁. ၄. ၂ | လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများအား သိရှိလေ့လာရန်နှင့်အကြံဉာဏ်များအားမျှဝေရန်အတွက် လူမှုအဖွဲ့အစည်း တစ်ရပ်လုံးပါဝင်သည့် အစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ်ကျင်းပရန်၊ | ✔ | |
| ၁. ၄. ၃ | အစုရှယ်ယာလုပ်ငန်းရှင်များ၏ သဘောထားတုန့်ပြန်မှုများကို ခွဲခြမ်းစိတ်ဖြာရန်နှင့် ၎င်းခွဲခြမ်းစိတ်ဖြာမှုမှရရှိသည့် ရလဒ်အပေါ် အခြေပြု၍ CITဖွံ့ဖြိုးတိုးတက်အောင်ပြု လုပ်ရန်၊ | ✔ | |
| **၁.၅** | **လူမှုအဖွဲ့အစည်းဝင်များနှင့် ဧည့်သည်များအနေဖြင့်လူမှုအဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊** | | |
| ၁. ၅. ၁ | လူမှုအဖွဲ့အစည်းအုပ်စုတွင် အဖွဲ့အစည်းတစ်ခုလုံးလက်ခံပြီးလိုက်နာသည့် စည်းမျဉ်းစည်းကမ်းများရှိခြင်း၊ | ✔ | |
| ၁. ၅. ၂ | ဧည့်သည်များအတွက်ကြိုတင်အသိပေးထားသည့် စည်းမျဉ်းစည်းကမ်းများရှိခြင်း၊ | ✔ | |
| ၁. ၅. ၃ | CIT အဖွဲ့သည် ဧည့်သည်များနှင့် လူမှုအဖွဲ့အစည်းအား စည်းမျဉ်းစည်းကမ်းနှင့် အညီ ဆက်သွယ်ခြင်း(ဥပမာ- အမှတ်အသားများ၊ လက်ကမ်းစာစောင်များ စသည်ဖြင့်) | ✔ | |
| **၁.၆** | **ဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေးတွင်တာဝန်ရှိခြင်း၊** | | |
| ၁. ၆. ၁ | CIT အဖွဲ့သည် လူမှုအဖွဲ့အစည်းနှင့်သင့်လျော်သည့် အဖွဲ့များအားဦးတည်သတ်မှတ်ထားခြင်း၊ ယင်းဦးတည်သတ်မှတ်ထားသော အဖွဲ့များအတွက်သင့်လျော်သည့် အစီအစဉ်များစီစဉ်ဖန်တီးထားခြင်း၊ | ✔ | |
| ၁. ၆. ၂ | လူမှုအဖွဲ့အစည်း၏ပြက္ခဒိန်ထုတ်ပြန်ထားခြင်းအားဖြင့် ဧည့်သည်များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများသည် လူမှုအဖွဲ့အစည်း၏ ပွဲတော်များ၊ အရေးပါသောအချိန်အခါများကို ကြိုတင်သတိပြုနိုင်ခြင်း၊ | ✔ | |

| | စံချိန်နှင့်စံညွှန်းများ | အနိမ့်ဆုံး | အဆင့်မြင့် |
|---|---|---|---|
| **၁.၆** | **ဈေးကွက်ရှာဖွေရေးနှင့်မြှင့်တင်ရေးတွင် တာဝန်ရှိခြင်း၊** | | |
| ၁. ၆. ၃ | CIT မြှင့်တင်ကြော်ငြာခြင်းအစီအစဉ်များနှင့်ဝန်ဆောင်မှုများသည် ရိုးသားပြီး မှန်ကန်မှုရှိခြင်း၊ | ✔ | |
| | **(၂) CIT သည် ဒေသခံတို့၏စီးပွားရေး၊ လူမှုရေးနှင့် လူနေမှုအဆင့်အတန်းတို့တွင် ဦးတည်ပါဝင်ဆောင်ရွက်ခြင်း** | | |
| **၂.၁** | **လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးခြင်း၊** | | |
| ၂. ၁. ၁ | CIT အားအစိုးရဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထောက်ခံရန်၊ | ✔ | |
| ၂. ၁. ၂ | CIT အဖွဲ့ဝင်များသည် ဒေသခံလူမှုအဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်ရေးတွင်တက်ကြွစွာပါဝင်ကြပြီး ခရီးသွားလုပ်ငန်း၏ ဝင်ငွေတစ်စိတ်တစ်ဒေသအား လူမှုအဖွဲ့အစည်း၏ ရံပုံငွေသို့ထည့်ဝင်လှူဒါန်းခြင်း၊ လူမှုရေးလုပ်ငန်းများတွင်ထောက်ပံ့ခြင်းများဆောင်ရွက် ပါသည်။ မိသားစုများထံပေးအပ်လှူဒါန်းမှုအတိုင်းအတာ (စုစုပေါင်းဝင်ငွေ၏ရာခိုင်နှုန်း)ကို လူမှုအဖွဲ့အစည်းက သတ်မှတ်ခြင်း၊ | ✔ | |
| ၂. ၁. ၃ | CIT အဖွဲ့သည်အရင်းအနှီးထည့်ဝင်သူ လုပ်ငန်းရှင်များနှင့်အတူလက်တွဲ၍လူမှုရေးအဖွဲ့အစည်းအတွင်းနှင့်အပြင်တွင် လုပ်ငန်းဆောင်ရွက်ခြင်း၊ | ✔ | |
| **၂.၂** | **မျှတသောဝင်ငွေခွဲဝေမှုနှင့် အပိုဝင်ငွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများ** | | |
| ၂. ၂. ၁ | ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိရန်လုပ်ကိုင်ခွင့်ကို CITအဖွဲ့ဝင် များအား အလှည့်ကျ စနစ်ဖြင့်ပေးအပ်ခြင်း၊ | ✔ | |
| ၂. ၂. ၂ | CIT အဖွဲ့နှင့်အဖွဲ့ဝင်များသည် ဒေသထွက်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများတွင် ကူညီထောက်ပံ့ခြင်း၊ | ✔ | |
| ၂. ၂. ၃ | CIT အဖွဲ့သည် ၄င်းတို့၏ဧည့်သည်များသို့ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများရောင်းချ ခွင့်ကို လူမှုအဖွဲ့အစည်းအဖွဲ့ဝင်များနှင့် ဒေသခံလူမှုအဖွဲ့အစည်းများအား ပေးအပ် ထားခြင်း၊ | ✔ | |
| ၂. ၂. ၄ | လူမှုအဖွဲ့အစည်းဝင်များသည် ဒေသတွင်းအသိပညာ၊ အတတ်ပညာနှင့်ဒေသထွက် ပစ္စည်းများကို အခြေခံ၍ဧည့်သည်များအတွက် ထုတ်ကုန်ပစ္စည်းများကိုဖန်တီးခြင်း၊ | | ✔ |
| **၂.၃** | **CIT သည် လူ့အခွင့်အရေးနှင့်ဂုဏ်သိက္ခာကို အလေးဂရုပြုခြင်း၊** | | |
| ၂. ၃. ၁ | CIT အဖွဲ့သည်မူးယစ်ဆေးဝါးရောင်းချခြင်း၊ လောင်းကစားနှင့်ပြည့်တန်ဆာလုပ်ငန်း များကိုအားမပေးခြင်း၊ | ✔ | |
